# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၁)၊ အမှတ် (၁၀၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စစ်ရေယာဉ်များ၊ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်များနှင့် တိုက်ခိုက်ရေးလေယာဉ်များက သရုပ်ပြချီတက်အလေးပြုကြစဉ်။

## တပ်မတော်(ရေ)နှင့်အတူ ပိုင်နက်ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ရေကြောင်းသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေး(Maritime Security) ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခြင်းပင်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာအတွင်း ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများအား တာဝန်ခံစီမံကွပ်ကဲဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်း အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရာဇဝတ်မှုပြဿနာ... ရာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရန်၊ သတင်းအချက်အလက်များဖလှယ်ရန်၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော် (ရေ)အား အထောက်အကူပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ယနေ့တွင် စတင်ဖွဲ့စည်းပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့** *ဖတ်စရာ*


၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း
ဥပဒေ စာ - ၈

ဓာတုဗေဒနိုဘယ်ဆုကို ဂျာမနီနှင့် စကော့တလန်ဖွား သိပ္ပံပညာရှင်နှစ်ဦး ပူးတွဲရရှိ
နိုင်ငံတကာသတင်း စာ - ၁၃

ပညာအလင်းနဲ့ ရွက်လွှင့်ကြပါစို့ရဲ့ လူငယ်မျိုးဆက်သစ်တို့
ဆောင်းပါး စာ - ၂၀

# တပ်မတော် (ရေ) ၏ ညီနောင်အင်အား

မြန်မာ့ပင်လယ်ပြင်ပိုင်နက်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ရေပေါ် ရေအောက်သယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။ မြောက်ဘက်ဆုံး နတ်မြစ်ဝမှ တောင်ဘက်ဆုံး ဘုရင့်နောင်အငူထိပ်အထိ ပင်လယ်ကမ်းရိုးတန်းအရှည်မိုင်ပေါင်း ၁၂၀၀ ခန့်ကို ပိုင်ဆိုင်ထားပြီး ရေပြင်ဧရိယာ ၁၄၄၈၁၂ စတုရန်းမိုင်ခန့် ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအဖို့ ကမ်းခြေစောင့်တပ်ဖွဲ့ အင်အားတစ်ရပ်မှာ ရှိသင့်ရှိထိုက်သည့်၊ ရှိနေရမည့် လိုအပ်ချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ပင် ပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ရေပိုင်နက်ပိုင်ဆိုင်ထားကြသည့် အိမ်နီးချင်းနိုင်ငံများတွင်လည်း ၎င်းတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကမ်းခြေစောင့်တပ်ဖွဲ့များကို ရေယာဉ်ကြီး၊ လတ်၊ ငယ်များ ရာနှင့်ချီ၍ ဖွဲ့စည်းထားရှိကြသည်ကို တွေ့နိုင်သည်။ ထို့အပြင် အရှေ့တောင်အာရှနိုင်ငံအများစုတွင်လည်း ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့များ ဖွဲ့စည်းထားကြသည်ကို တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံတွင် ကမ်းခြေစောင့်တပ်ဖွဲ့မပေါ်ပေါက်မီ တပ်မတော်(ရေ) က နိုင်ငံ့ရေပိုင်နက်ပင်လယ်ပြင် လုံခြုံရေးအပြင် ယခုဖွဲ့စည်းလိုက်သည့် ကမ်းခြေစောင့်တပ်ဖွဲ့က ထမ်းဆောင်မည့် တာဝန်များကိုပါ ပူးတွဲဆောင်ရွက်ခဲ့ရပြီး ကုန်းတွင်းပိုင်း မြစ်ချောင်းများ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ရေကြောင်းရဲတပ်ဖွဲ့က ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာအတွင်း ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများအား တာဝန်ခံစီမံကွပ်ကဲဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်း အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော်မှုခင်းများနှိမ်နင်းရန်၊ သတင်းအချက်အလက်များ ဖလှယ်ရန်၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော် (ရေ) အား အထောက်အကူပြုရန် စသည့်ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်ရာ ရည်မှန်းချက်တာဝန်များ ပြည့်မြောက် အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဆက်လက်၍ အင်အားတိုးချဲ့ တည်ဆောက်သွားရမည်သာဖြစ်သည်။

"မိမိတို့နိုင်ငံ၏ ပင်လယ်ပြင်အခြေပြု စီးပွားရေးလုပ်ငန်းများ (Ocean Based Economy) တစ်နည်းအားဖြင့် ပင်လယ်ပြာစီးပွားရေးလုပ်ငန်း (Blue Economy) များဖြစ်သည့် ရေကြောင်းခရီးသွားလုပ်ငန်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်း၊ ရေနက်ဆိပ်ကမ်းများ လုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း စသည့်စီးပွားရေးလုပ်ငန်းများ ဘေးကင်းလုံခြုံရေး၊ ပင်လယ်ပြင်မှ တရားမဝင် ဖြတ်သန်းဝင်ရောက်မှု မရှိစေရေးနှင့် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ပေးရန်အတွက် ယနေ့ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရေယာဉ်များ တပ်တော်ဝင်အခမ်းအနားဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ကမ်းခြေစောင့်တပ်ဖွဲ့ထမ်းဆောင်ရမည့် တာဝန်များမှာ ပင်လယ်ပြင်နှင့်အမျှ များပြားကျယ်ဝန်းလှသည်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားများအတွက် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းပေးနိုင်ခဲ့ပြီဖြစ်သည်။ ကမ်းခြေစောင့်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ထင်ဟပ်သည့် "Guard, Protect and Save Our Sea" "စောင့်ရှောက်ကာကွယ် ဒို့ပင်လယ်" ဟူသော တပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားမည့် မြန်မာ့ကမ်းခြေစောင့်တပ်ဖွဲ့ကို ဂုဏ်ပြုအပ်ပါကြောင်း။ ။

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၇ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်**
**(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄၁။ မည်သူမဆို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။"

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၄ တွင် ပါရှိသော "သို့မဟုတ် ၄၁" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၄ ၏ နောက်တွင် ပုဒ်မ ၄၄–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၄၄–က။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

**(၆–၁၀–၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း**

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 2 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 3 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 4 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 5 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 6 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 7 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 8 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 9 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 10 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ အောက်တိုဘာ ၆ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီလေးခုမှ Cardivas 6.25 MG Tablet အခု ၄၈၈၅၀၊ Dronis Tablet ၁၆၇၁ ခု၊ Rozavel 5 MG Tablet အခု ၁၀၀၀၀၊ Tetglob 250 IU Injection အခု ၃၀၀၊ Rhoclone 300 MG Injection အခု ၂၀၀၊ Endoprost 250 MG Injection အခု ၃၀၀၊ Luprodex 3.75 MG Powder For Injection အခု ၅၀၀၊ U– Trap 100000 IU Injection ၁၀၅၆ ခု၊ Equirab 1000 IU Injection အခု ၁၀၀၀၊ Gamma–IV 5 Injection အခု ၂၀၀၊ Stimuno (Syrup) အခု ၄၅၀၀၊ Prezinton Injection အခု ၁၀၀၀၀၊ T Riacef 1G Powder For Injection အခု ၅၀၀၊ Safetin 10 MG Tablet အခု ၂၅၀၀၊ Starcef 200 MG Capsule အခု ၉၀၀၀၊ Voneta ၁၀၀၀၅ ခု၊ Medixon 16 MG Tablet ၁၃၃၁၉ ခု၊ Tripenem Powder For Injection အခု ၁၈၀၀၊ Oxygen Concentrator အခု ၅၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Medical Device ၁၁၀၀၇၅ ခု၊ Clean Gel Hand Sanitizer အခု ၁၅၀၀၊ Surgical Instruments ၂၈၂၉ ခု၊ Oxygen Regulator အခု ၁၀၀၀၊ Oxygen Concentrator အခု ၂၀၊ Surgical Mask အခု ၆၉၄၀၀၀ နှင့် ဆေးဝါးမျိုးစုံ ၈၆ မျိုး (၂၄၆၃၈၃ ဒသမ ၁၂၈ Kg)၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ သုံးခုတို့မှ Mask ၅၅၀၀ Kg ၊ Liquid Oxygen ၁၄၉၃၈ $m^3$၊ Oxygen Plant နှစ်ခု တို့ကိုထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



❒ *ရှေ့ဖုံးမှ*

တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တပ်တော်ဝင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေယာဉ်များ လွှဲပြောင်းပေးအပ်ခြင်းအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များ တက်ရောက်ကြသည်။

**အသီးသီးနေရာယူ**

အခမ်းအနားအစီအစဉ်အရ တပ်မတော်(ရေ)မှ လွှဲပြောင်းပေးမည့် စစ်ရေယာဉ် လေးစင်းမှ အရာရှိ စစ်သည်များသည် စစ်ရေယာဉ်များပေါ်မှ ထွက်ခွာ၍ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ စစ်သည်များက ရေယာဉ်များပေါ်တွင် အသီးသီး နေရာယူကြသည်။ ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် ရေဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူးက ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ ရေယာဉ်များနှင့် ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (Department of Marine Administration) မှ ခေတ္တညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ ကမ်းခြေစောင့် တပ်ဖွဲ့နှင့် ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့် ရေယာဉ်စုမှူးထံသို့ တပ်ဖွဲ့အလံများ ပေးအပ်သည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) က စစ်ရေယာဉ်များ လွှဲပြောင်းပေးအပ်ခြင်းအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

**အစီအစဉ်အတိုင်းဆောင်ရွက်**

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းမိန့်နှင့် ရေယာဉ်များအား ကမ်းခြေစောင့်တပ်ဖွဲ့ တပ်တော်ဝင်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့အလံ လွှင့်တင်ခြင်း၊ ခေါင်းလောင်း(၈)ချက် တီးခြင်းနှင့် တပ်တော်ဝင်အခမ်းအနား လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

- ကမ်းရိုးတန်းတစ်လျှောက်၌ အလားအလာကောင်းသည့် ရေနက်ဆိပ်ကမ်းများရှိပြီး နိုင်ငံတကာကုန်သွယ်ရေး ရေလမ်းကြောင်းများ ဖြတ်သန်းလျက်ရှိ
- ထို့ကြောင့် မိမိတို့ရေပြင်နှင့် ဆက်စပ်ပင်လယ်ပြင်တွင်ရှိသည့် ပင်လယ်ပြင် ဆက်သွယ်ရေးလမ်းကြောင်း (Sea Line of Communication) လုံခြုံရေးနှင့် မိမိတို့ ရေနက်ဆိပ်ကမ်းများ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ပေးကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည့် ရေယာဉ်အတွင်း ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ပင်လယ်ပြင်အတွင်း စစ်ဆင်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်လက်တွေ့ လေ့ကျင့်ခန်းများနှင့် စစ်ရေယာဉ်စုများအလိုက် ပြုလုပ်သည့် ပင်လယ်ပြင်လက်တွေ့ လေ့ကျင့်ခန်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည့် ရေယာဉ်များအား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ဂုဏ်ပြုအလေးပြု**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်း ခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့မှ အမြောက်(၂၁) ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

**သရုပ်ပြပျံသန်း**

ထို့နောက် ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ်(တပင်ရွှေထီး)နှင့် အမြန်သွားတိုက်ခိုက်ရေးရေယာဉ်များက Single Line Formation ပုံစံဖြင့် ပုံပြမောင်းနှင်ချီတက် အလေးပြုပြီး တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် သုံးစင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် ပင်လယ်ရေကြောင်း ကင်းထောက်လေယာဉ် နှစ်စင်းတို့က အုပ်စုဖွဲ့မြားခေါင်းပုံစံဖြင့်လည်းကောင်း၊ တိုက်ခိုက်ရေး လေယာဉ် သုံးစင်းတို့က Vic Formation ပုံစံဖြင့်လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပထမဆုံးအမြောက် ကျည်ဆန်ခွံအား အထိမ်းအမှတ် လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဂုဏ်ပြုမောင်းနှင်ချီတက် အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင် ကမ်းခြေစောင့်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များနှင့် တွေ့ဆုံ၍ ယနေ့သည် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်း တည်ထောင်သည့်နေ့ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် တပ်မတော်အတွက် သမိုင်းဝင်မော်ကွန်းတင်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျယ်ဝန်းသည့် ပိုင်နက်ပင်လယ်ပြင်နှင့် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ်းရိုးတန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အချက်အချာရေလမ်းကြောင်းများ၊ ဒီရေလမ်းကြောင်းများကို ထိန်းချုပ်နိုင်သည့် Choke Point များ တည်ရှိသည့်အတွက် မြန်မာ့ပင်လယ်ပြင် သည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ နှစ်ခုအကြား မဟာဗျူဟာကျကျ တည်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

### ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်း

မိမိတို့ပင်လယ်ပြင်သည် သက်ရှိ၊ သက်မဲ့ သယံဇာတ အရင်းအမြစ်များ ကြွယ်ဝပြီး ဒေသတွင်း မဟာဗျူဟာကျစွာ တည်ရှိနေသည့်အတွက် နိုင်ငံတော်၏ အကျိုးစီးပွားဖော်ဆောင်ရန် အခွင့်အလမ်းနယ်မြေတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(ရေ)နှင့်အတူ ပိုင်နက်ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ရေကြောင်းသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေး (Maritime Security) ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခြင်းပင်ဖြစ်ကြောင်း။

ယခင်က မိမိတို့နိုင်ငံတွင် ကမ်းခြေစောင့်တပ်ဖွဲ့ မရှိသည့်အတွက် ၎င်း တာဝန်များကို တပ်မတော်(ရေ)က ပူးတွဲဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းပေးပြီးဖြစ်သည့်အတွက် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး

## ■ မိမိတို့ ပင်လယ်ပြင်သည် ငါးသယံဇာတ အမြောက်အမြားရှိပြီး တိုင်းရင်းသားပြည်သူလူထုအတွက် အစားအစာလုံခြုံမှု Food Security ကို အဓိကပံ့ပိုးပေးလျက်ရှိ

## ■ ပင်လယ်ပြင်တွင် ငါးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ပင်လယ်ပြင်တွင် တရားမဝင် ငါးခိုးဖမ်းဆီးမှုများကိုလည်း စစ်ဆေး ရှာဖွေ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်သွားကြရမည်

ကဏ္ဍ(Constabulary Role)၊ လူသားချင်းစာနာမှုအကူအညီပေးရေးကဏ္ဍ (Benign Role) များကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ကုန်းမြေဧရိယာ ၂၆၁၂၂၈ စတုရန်းမိုင်ခန့်နှင့် ရေပြင်ဧရိယာ ၁၄၄၉၁၂ စတုရန်းမိုင်ခန့် ပိုင်ဆိုင်ပြီး ရေပြင်ဧရိယာအနေဖြင့် စုစုပေါင်းဧရိယာ၏ ၃၅ ရာခိုင်နှုန်းရှိကြောင်း၊ ကမ်းရိုးတန်းတစ်လျှောက်တွင်လည်း ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိပြီး သဘာဝကပေးအပ်သည့် အရင်းအမြစ်များ၊ စီးပွားရေးအခွင့်အလမ်းများ များစွာရှိကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ပိုင်နက်ပင်လယ်ပြင် သဘာဝအလှတရားများ၏ ဆွဲဆောင်အားနှင့် ပင်လယ်ပြင်ရေကြောင်း ခရီးသွားလုပ်ငန်း Marine and Coastal Tourism လုပ်ငန်းအတွက် အခြေခံကောင်းများစွာရှိသည်ကို တွေ့ရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း။

### ဘေးကင်းလုံခြုံရေးကိုဆောင်ရွက်

ထို့အပြင် ကမ်းရိုးတန်းတစ်လျှောက်၌ အလားအလာကောင်းသည့် ရေနက်ဆိပ်ကမ်းများရှိပြီး နိုင်ငံတကာကုန်သွယ်ရေး ရေလမ်းကြောင်းများ ဖြတ်သန်းလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ရေပြင်နှင့် ဆက်စပ်ပင်လယ်ပြင်တွင်ရှိသည့် ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်း (Sea Line of Com–munication) လုံခြုံရေးနှင့် မိမိတို့ ရေနက်ဆိပ်ကမ်းများ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့ ပင်လယ်ပြင်သည် ငါးသယံဇာတ အမြောက်အမြားရှိပြီး တိုင်းရင်းသား ပြည်သူလူထုအတွက် အစားအစာလုံခြုံမှု Food Security ကို အဓိကပံ့ပိုးပေးလျက်ရှိကြောင်း၊ ပင်လယ်ပြင်တွင် ငါးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ပင်လယ်ပြင်တွင် တရားမဝင် ငါးခိုးဖမ်းဆီးမှုများကိုလည်း စစ်ဆေးရှာဖွေ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး ဆောင်ရွက်

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပင်လယ်ပြင်အခြေပြုစီးပွားရေးလုပ်ငန်းများ (Ocean Based Economy) တစ်နည်းအားဖြင့် ပင်လယ်ပြာစီးပွားရေးလုပ်ငန်း (Blue Economy)များဖြစ်သည့် ရေကြောင်းခရီးသွားလုပ်ငန်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်း၊ ရေနက်ဆိပ်ကမ်းများလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများ ဘေးကင်းလုံခြုံရေး၊ ပင်လယ်ပြင်မှ တရားမဝင် ဖြတ်သန်းဝင်ရောက်မှု မရှိစေရေးနှင့် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ပေးရန်အတွက် ယနေ့ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် ပြည်သူလူထုအရေးကို ရှေးရှုပြီး ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် လူသားချင်းစာနာထောက်ကူမှုနှင့် သဘာဝဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ ပင်လယ်ပြင်အတွင်းမှ ဒုက္ခသည် ၄၀၀၀ ကျော်ကို ကူညီကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် Covid-19 ကပ်ရောဂါကြောင့် မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ပို့ဗလဲယားတို့တွင် ကာလကြာရှည်စွာ ဒုက္ခခံနေရသည့် မြန်မာနိုင်ငံသား ၁၁၅၀ ကျော်ကိုလည်း စစ်ရေယာဉ်များ စေလွှတ်ပြီး ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့သော တာဝန်များကို ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် တပ်မတော်(ရေ)နှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လိုအပ်ချက်အရ ကမ်းခြေစောင့်တပ်ဖွဲ့ကို နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းပေးလိုက်ပြီးဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် တပ်ဖွဲ့ဆိုင်ရာ မျှော်မှန်းချက်အမြင်(Vision)၊ ရည်မှန်းချက်တာဝန်(Mission)များ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ရည်မှန်းချက်တာဝန်များနှင့် ကိုက်ညီမည့် တပ်ဖွဲ့ဆောင်ပုဒ်ကိုလည်း သတ်မှတ်ပေးလိုကြောင်း၊ ယင်းဆောင်ပုဒ်မှာ **"Guard, Protect and Save Our Sea" "စောင့်ရှောက် ကာကွယ် ဒို့ပင်လယ်"** ပင်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာ့ပင်လယ်ပြင်နှင့် အကျိုးစီးပွားများကို စောင့်ရှောက်ကာကွယ်ပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကြိုးပမ်းထမ်းရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

### လာရောက်သတင်းရယူ

အဆိုပါ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရေယာဉ်များ တပ်တော်ဝင် အခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်း ရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေယာဉ်များကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် ရှင်းလင်းဆောင်ဌ် တာဝန်ရှိသူတစ်ဦးက ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# မွေးမြူရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် စနစ်တကျဖြင့် စံပြဖြစ်အောင်စီမံ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး သားဖောက်ခြင်းလုပ်ငန်းများအား သုတေသနပြုဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းအကြားနေရာရှိ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်ဌ် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှု အခြေအနေများ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာ ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**သုတေသနပြုဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဇုန်များ၌ ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် အသား၊ ငါးများအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဈေးနှုန်းသက်သာစွာ စားသောက်နိုင်ပြီး ပြည်သူများ အသားနှင့် ငါးစားသုံးမှုမြင့်မားလာကာ ကျန်းမာကြံ့ခိုင်မှု ရှိလာမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် စနစ်တကျဖြင့် စံပြဖြစ်အောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး သားဖောက်ခြင်းလုပ်ငန်းများအား သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာ၌ ဒေသတွင်းဖူလုံမှုကို ဦးစွာ စဉ်းစားဆောင်ရွက်ပြီး ပိုလျှံအသားကို အေးခဲအသားနှင့် ကုန်ချောထုတ်ကုန်အဖြစ် စီမံ၍ ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နို့နှင့် နို့ထွက်ပစ္စည်းများကို ပြင်ပမှ တင်သွင်းရလျက်ရှိသည့်အတွက် နွားမွေးမြူရေးလုပ်ငန်းများမှ နို့နှင့် နို့ထွက်ပစ္စည်းများ အောင်မြင်အောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နို့ထွက်နှုန်းကောင်းမွန်ရန် ပထမဦးစားပေး စဉ်းစားပြီး ယင်းမှ တစ်ဆင့် နို့ဆီ၊ နို့စိမ်း၊ ထောပတ် အစရှိသည့် Product အဖြစ် အဆင့်ဆင့်လုပ်ဆောင်၍ အရည်အသွေးရှိသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထွက်ပေါ်လာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဆိုင်စားအတွက် Table size နှင့် စားသုံးသူအများစုအတွက် ခုတ်သားများ ထုတ်လုပ်နိုင်ရေး အကန့်လိုက် အရွယ်အစားခွဲ၍ ထည့်သွင်းတွက်ချက်မွေးမြူကြရန်လိုပြီး အသားပေါ်များစွာ စားသုံးနိုင်ရေး လုပ်ဆောင်ပေးရန်လိုကြောင်း။

*စာမျက်နှာ ၆ သို့*

**"စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် Market နှင့် Target ကို သိရှိရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ရာသီသီးနှံများကို စိုက်ပျိုးကြရန်လို၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းနှင့် စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ခွဲခြားသိမြင်ရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ထက် ပိုလျှံမှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် စဉ်းစားတွက်ချက် ဆောင်ရွက်ရမည်"**

# ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထကို ရစေချင်

အကြမ်းဖက်မှုများ၊ မီးရှို့ဖျက်ဆီးခြင်းများ၊ သတ်ဖြတ်ခြင်းများ၊ မိုင်းခွဲတိုက်ခိုက်ခြင်းများသည် ဒီမိုကရေစီစနစ်၏ ဆန့်ကျင်ဘက်ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ဒီမိုကရေစီကိုကျင့်သုံးလျက်ရှိပြီး ၎င်းတို့ထံမှ သင်ခန်းစာယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းကိုလိုလားကြောင်း၊ ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထကို ရစေချင်ကြောင်း၊ လူအများစု၏ ဆန္ဒဆိုပြီး ဥပဒေနှင့်ဆန့်ကျင်ကာ ဆောင်ရွက်၍မရကြောင်း၊ မိမိတို့နှင့် မိမိတို့မွေးထုတ်လိုက်သည့် မျိုးဆက်များတွင် မကောင်းသောအကျင့်မပါသွားရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်နှင့် နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် Market နှင့် Target ကို သိရှိရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ရာသီသီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းနှင့် စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ခွဲခြားသိမြင်ရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ထက် ပိုလျှံမှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် စဉ်းစားတွက်ချက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဒေသတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်လျက်ရှိသည့် ဒေသခံများ၏ ဈေးကွက်ကို မထိခိုက်စေရန် ဈေးကွက်လိုလားချက်နှင့် လိုအပ်ချက်ကို သိရှိအောင် လုပ်ဆောင်ပြီး စဉ်းစားတွက်ချက် လုပ်ဆောင်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များမှ ပိုလျှံသည်များကို လေလွင့်မှုမဖြစ်ပေါ်စေရေး ရေရှည်ထားရှိအသုံးပြုနိုင်သည့် အခြောက်ခံကုန်ချောများ အဖြစ် ထုတ်လုပ်နိုင်ရေး လုပ်ဆောင်ရန်လိုကြောင်း၊ အုန်းဆီ၊ အုန်းမီးသွေး၊ အုန်းဆံတုံး စသည့် အုန်းနှင့် အုန်းထွက်ပစ္စည်းများသည် နေ့စဉ် အသုံးအဆောင်များတွင် မရှိမဖြစ် ပါဝင်နေပြီး ဈေးကွက်ခိုင်မာခြင်း၊ ကမ်းရိုးတန်းဒေသများတွင် အုန်းပင်စိုက်ပျိုးထားရှိပါက သဘာဝဘေးအန္တရာယ်ကို အကာအကွယ်ပေးနိုင်ခြင်းတို့ကြောင့် ဒေသခံများကိုလည်း အုန်းစိုက်ပျိုးမှုနှင့် ပတ်သက်၍ အသိပညာပေး တိုက်တွန်းကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဇုန်အသီးသီးရှိ ပတ်ဝန်းကျင်ဒေသခံများကိုလည်း ခေတ်မီပြီး နည်းစနစ်ကျနသည့် စိုက်ပျိုးမွေးမြူမှုများဖြစ်ပေါ်လာအောင် နည်းစနစ်နှင့် မျိုးများမျှဝေပေးရမည်ဖြစ်ကြောင်း၊ အသား၊ ငါးများ အား သက်သာသော ဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ရောင်းချပေးနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် အသား၊ ငါး ဈေးနှုန်းများကြီးမြင့်မှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် အသား၊ ငါးထွက်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ရေး အတွက်လည်း ဆောင်ရွက် ရန်လိုကြောင်း၊ တပ်မိသားစုဝင်များသာမက ပြည်သူများအသား၊ ငါးနှင့် စိုက်ပျိုးရေး ထုတ်ကုန်များအား သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာ ပြသထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဘဲဥ၊ ထိုင်ဝမ်သဘော်၊ ကျောက်စိမ်းဖီးကြမ်းငှက်ပျော၊ နို့ထွက်ပစ္စည်းများ၊ အုန်းထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကိုကြည့်ရှုပြီး မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှု၊ ငါးမွေးမြူ ထားရှိမှုနှင့် ဘဲမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၁-၂၀၂၂၊ ဘဏ္ဍာနှစ်(၆) လ အမျိုးသားစီမံကိန်းဥပဒေ သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၆ ဖြင့် ၂၀၂၁-၂၀၂၂၊ ဘဏ္ဍာနှစ်(၆) လ အမျိုးသားစီမံကိန်းဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိပါသည်။ အဆိုပါ ဥပဒေသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

## ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၇ ဖြင့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိပါသည်။ အဆိုပါ ဥပဒေသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆) လအတွက် ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၈ ဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိပါသည်။ အဆိုပါဥပဒေသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

# ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေပြဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥပဒေအမှတ် ၂၆ /၂၀၂၁)**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉) ရပ်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်းအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ (၆) လကာလအတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။
(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။
(ဂ) **၆ လ စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ မတ်လအထိ အကောင်အထည်ဖော်နိုင်မှုအပေါ် အခြေခံ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ဆောင်ရွက်မည့် စီမံကိန်း ရည်မှန်းချက်များဖြစ်သည်။
(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။
(စ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**
**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆)လ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
( ၁ ) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
( ၂ ) သားငါးကဏ္ဍတွင် ၃.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
( ၃ ) သစ်တောကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊
( ၄ ) စွမ်းအင်ကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊
( ၅ ) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
( ၆ ) စက်မှုလက်မှုကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၇ ) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉.၈ရာခိုင်နှုန်းတိုးတက်ရန်၊
( ၈ ) ဆောက်လုပ်မှုကဏ္ဍတွင် ၁.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၉ ) ပို့ဆောင်ရေးကဏ္ဍတွင် ၅.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၇.၄ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင်၁၂.၅ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၀.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၄.၂ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -
( ၁ ) ကချင်ပြည်နယ်တွင် ၅.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၂ ) ကယားပြည်နယ်တွင် ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၃ ) ကရင်ပြည်နယ်တွင် ၅.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၄ ) ချင်းပြည်နယ်တွင် ၁.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၅ ) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၆ ) တနင်္သာရီတိုင်းဒေသကြီးတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
( ၇ ) ပဲခူးတိုင်းဒေသကြီးတွင် ၄.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၈ ) မကွေးတိုင်းဒေသကြီးတွင် ၄.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
( ၉ ) မန္တလေးတိုင်းဒေသကြီးတွင် ၂.၄ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၀.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၄.၂ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၂.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၃.၂ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄.၀ ရာခိုင်နှုန်းမှ ၂၃.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၂ ရာခိုင်နှုန်းမှ ၃၈.၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၈.၈ ရာခိုင်နှုန်းမှ ၃၈.၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊
(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၄,၅၅၉.၉၁၉ ဘီလီယံရင်းနှီးမြှုပ်နှံရန်၊
(စ) နှစ်အလိုက်ဈေးနှုန်းအရပြည်ပပို့ကုန်ကို အမေရိကန် ဒေါ်လာ ၈,၂၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၈,၈၀၀.၀ သန်း တင်သွင်းရန်၊

**အခန်း(၃)**
**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသောစီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ပြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ(၆) လအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်းရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ဖြစ်ရမည့်အပြင် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းစီမံကိန်းများလည်း ဖြစ်ရမည်။ နိုင်ငံတော်၏အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်း ဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို နှစ်စဉ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။**

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*(ပူးတွဲဇယားများကိုဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၇ / ၂၀၂၁)**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဟုခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -
(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။
(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့်ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေတို့ကို ဆိုသည်။
(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများ ကိုဆိုသည်။

**အခန်း (၂)**
**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**
**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဤဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါပြည်ထောင်စု၏ အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေ ခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**
**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

**အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-
(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များ ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက်ပေါက်ဈေးအပေါ်အခြေပြု၍ ခန့်မှန်း သတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊
(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊
ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန် အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက် တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။
(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုး အဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက် အမျိုးမျိုး။ | အလိပ်၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၇၀၀ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၀ ကျပ် |
| | (ခ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၇၀၁ ကျပ်မှ ကျပ် ၉၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၉ ကျပ် |
| | (ဂ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၉၀၁ ကျပ် မှ ကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၄ ကျပ် |
| | (ဃ) စီးကရက် အမျိုးမျိုး။ | အလိပ် ၂၀ အထိပါတစ်ဘူး ရောင်းဈေး ၁၁၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၇ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံ သောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေး အမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက် အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး၂၀၀ ကျပ်မှကျပ်၁၂၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၉၀ ကျပ် |
| | (ခ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၁ ကျပ် မှ ကျပ် ၂၃၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၅၀၀ ကျပ် |
| | (ဂ) အရက် အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၃၀၁ ကျပ် မှ ကျပ် ၃၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၅၅ ကျပ် |
| | (ဃ) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၄၀၁ ကျပ် မှ ကျပ် ၄၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၀၀ ကျပ် |
| | (င) အရက် အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၆၀၁ ကျပ် မှ ကျပ် ၅၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၅၆၀ ကျပ် |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ**
**၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက်**
**ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၈ /၂၀၂၁)**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက် စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**

**ရငွေများနှင့် သုံးငွေများ**

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကို လည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ် သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ကာလအတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းငါးဆယ့်နှစ်သိန်းထက် မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ် ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား(၁)၊ (၃)နှင့် (၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄) နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမို သုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း

## မွန်ဂိုလီးယားနိုင်ငံ

ဆုဝေ

### တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း

မွန်ဂိုလီးယားနိုင်ငံကို ၁၃ ရာစုတွင် Genghis Khan က တည်ထောင်ခဲ့သည်။ မွန်ဂိုလီးယားနိုင်ငံသည် ဘဲဥပုံမြေမျက်နှာသွင်ပြင်ရှိသော နိုင်ငံဖြစ်ပြီး အနောက်မှအရှေ့သို့ ၁၄၈၆ မိုင် (၂၃၉၂ ကီလိုမီတာ)၊ မြောက်မှတောင်သို့ ၇၈၂ မိုင် (၁၂၅၉ ကီလိုမီတာ) ကျယ်ဝန်းသည်။ မွန်ဂိုလီးယားသည် ကုန်းပြင်မြင့်တစ်ခုဖြစ်ပြီး ပျမ်းမျှပင်လယ်ရေမျက်နှာပြင်အထက် ၅၁၈၀ ပေ (၁၅၈၀ မီတာ) ခန့် ရှိသည်။ လူဦးရေနည်းပါး၍ နယ်မြေကျယ်ပြန့်ပြီး ပြင်သစ်နိုင်ငံ၏ သုံးဆ၊ တက္ကဆက်ဒေသ၏ နှစ်ဆ ရှိသည်။ ရုရှားနှင့် တရုတ်အကြား ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ သမိုင်းတွင် မွန်ဂိုအင်ပါယာကို တည်ထောင်ခဲ့သည်။ နောက်ပိုင်းတွင် တရုတ်လက်အောက်သို့ ကျရောက်ခဲ့ပြီး ၁၉၂၁ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည်။ မွန်ဂိုလီးယားပြည်သူ့သမ္မတနိုင်ငံကို ထိုအချိန်က ဆိုဗီယက်နိုင်ငံ၏ လွှမ်းမိုးမှုအောက်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် UN အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့ ပါဝင်သော အင်ပါယာကို တည်ထောင်ခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံတွင် ဗုဒ္ဓဘာသာ ၉၀ ရာခိုင်နှုန်းရှိသည်။ အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား မွန်ဂိုလီးယားနိုင်ငံသားတိုင်းသည် စစ်တပ်တွင် ၁၂လကြာ စစ်မှုထမ်းရသည်။ မွန်ဂို လီးယားနိုင်ငံတွင် သတင်းထုတ်ဖော်ခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံတော်လျှို့ဝှက်အက်ဥပဒေဖြင့် သတင်းအချက်အလက်လွတ်လပ်စွာ ထုတ်ဖော်ခွင့် ကို တားမြစ်ထားသည်။ အစိုးရနှင့် ပါလီမန်ဆိုင်ရာ ဆုံးဖြတ်ချက်များကို လူထုသို့ ထုတ်ဖော်ပြောကြားမှု နည်းပါးသည်။ မွန်ဂိုလီးယားနိုင်ငံတွင် ပြည်နယ် ၂၁ ခု၊ ခရိုင်ခွဲ ၃၃၁ ခု ရှိသည်။ ခရိုင်များတွင် သက်ဆိုင်ရာဒေသအာဏာပိုင်များ ရှိကြသည်။ Ulaanbaatar (Ulan Bator)သည် မြို့တော်ဖြစ်ပြီး မြို့ပြခရိုင်ကိုးခု ပါဝင်သော မြူနီစီပယ်ဝိသေသရှိသည်။ မြို့တော်မှာ ၄၇၀၄ ကီလိုမီတာ ကျယ်ဝန်းသည်။ မြို့တော်တွင် မွန်ဂိုလီးယားနိုင်ငံ၏ လူဦးရေထက်ဝက်ကျော် နေထိုင်သည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများတွင် ဗဟိုချုပ်ကိုင်မှု မြင့်မားသည်။ မျက်မှောက်ခေတ်နိုင်ငံရေးသုံးသပ်သူများက မွန်ဂိုလီးယားနိုင်ငံသည် ဒီမိုကရေစီတိုင်းပြည်ထက် “ဒီမိုကရေစီမြို့တော်” အသွင်ဆောင်ကြောင်း သုံးသပ်ကြသည်။ သမ္မတ၊ ၂၁ ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့တော်အုပ်ချုပ်ရေး မှူးကို ဝန်ကြီးချုပ်မှ အတည်ပြုခန့်အပ်သည်။ ပြည်နယ်များကို ခရိုင်နှင့် ခရိုင်ခွဲများအဖြစ် ထပ်ခွဲသည်။ ခရိုင်နှင့် ခရိုင်ခွဲများကို ဒေသအာဏာပိုင်များဖြင့် အုပ်ချုပ်သည်။




မွန်ဂိုလီးယားနိုင်ငံ၏ တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း။

❑ **မွန်ဂိုလီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ့အမြင့်ဆုံးဥပဒေ ဖြစ်သည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်သည်။ အာရှတွင် ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်သည်။ အာဏာကို သမ္မတနှင့် ပါလီမန် (The State Great Hural – Uisyn Ikh Khural ) အကြား ခွဲဝေထားသည်**

### ရွေးကောက်ပွဲသမိုင်း

မွန်ဂိုလီးယားနိုင်ငံသည် ၁၉၇၃ ခုနှစ်မှစတင်၍ ရွေးကောက်ပွဲ စတင်ကျင်းပခဲ့သည်။ ၁၉၇၇၊ ၁၉၈၁၊ ၁၉၈၆၊ ၁၉၉၀ ရွေးကောက်ပွဲများကို လေးနှစ်တစ်ကြိမ်ကျင်းပခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ပြီး လွှတ်တော်တစ်ရပ်စနစ်ကို စတင်ကျင့်သုံးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ပထမဆုံးသမ္မတကို တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့်စနစ်အား ကျင့်သုံးခဲ့သည်။ မွန်ဂိုလီးယားနိုင်ငံတွင် လေးနှစ်တစ်ကြိမ် ပါလီမန်ရွေးကောက်ပွဲ၊ သမ္မတရွေးကောက်ပွဲများကို အောက်ပါ ခုနှစ်များအလိုက်ကျင်းပသည်–

ပါလီမန်ရွေးကောက်ပွဲများ – ၁၉၉၂၊ ၁၉၉၆၊ ၂၀၀၀၊ ၂၀၀၄၊ ၂၀၀၈၊ ၂၀၁၂၊ ၂၀၁၆

သမ္မတရွေးကောက်ပွဲများ – ၁၉၉၃၊၁၉၉၇၊ ၂၀၀၁၊ ၂၀၀၅၊ ၂၀၀၉၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် (First Round/ Second Round) နှစ်ကြိမ်ရွေးချယ်ခဲ့သည်။ ယခုနောက်ဆုံးကျင်းပခဲ့သော ရွေးကောက်ပွဲမှာ ၂၀၂၀ ပါလီမန်ရွေးကောက်ပွဲ၊ ၂၀၂၁ သမ္မတရွေးကောက်ပွဲ ဖြစ်ပါသည်။

ရွေးကောက်ပွဲ တစ်ခုစီတိုင်းကို မတူညီသော ရွေးကောက်ပွဲစည်းမျဉ်းများဖြင့် ကျင်းပခဲ့ကြသည်။

၁၉၉၂ ခုနှစ်တွင် – Block Vote System
၁၉၉၆ ခုနှစ်တွင် – Party List and Candidate System
၂၀၀၀ ပြည့်နှစ်တွင် – First Past the Post System

၂၀၁၂ ခုနှစ် ရွေးကောက်ပွဲတွင် ပါတီကိုယ်စားပြု (Party list–PR) စနစ်နှင့် အနိုင်ရသူ အကုန်ယူ (FPTP)စနစ် နှစ်ခုကို ပေါင်းစပ်ကျင့်သုံးခဲ့သည်။ ၂၁–၄–၂၀၁၆ တွင် မွန်ဂိုလီးယား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ (Party list–PR) စနစ်ကျင့်သုံးမှုကို ပယ်ချခဲ့သည်။ (Party list–PR) စနစ်သည် နိုင်ငံသားများက မိမိတို့ ကိုယ်စားလှယ်ကို တိုက်ရိုက်ရွေးကောက်ခွင့်မရှိဟု ငြင်းချက်ထုတ်ခဲ့ကြသည်။ ရွေးကောက်ပွဲမတိုင်မီ နှစ်လအလို ၅–၅–၂၀၁၆ တွင် ပါလီမန်သည် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ခဲ့ပြီး (Party list–PR) စနစ်ကို ပယ်ဖျက်ကာ Full Majority စနစ်ကို ကျင့်သုံးရန် ချမှတ်ခဲ့ကြသည်။ ဤအပြောင်းအလဲသည် မဲဆွယ်စည်းရုံးရေးပြုလုပ်ရမည့်ကာလနှင့် အလွန်နီးကပ်နေပြီး လက်ရှိနိုင်ငံရေးပါတီများကို အခွင့်ပိုသာစေကာ မဲဆန္ဒရှင်များကို အသိပညာပေးချိန်နည်းသည်ဟု ဝေဖန်ခဲ့သည်။ ရွေးကောက်ပွဲကို တာဝန်ယူသော အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC) အနေဖြင့်လည်း ယခုလို အနီးကပ်ပြောင်းလဲခြင်းအားဖြင့် စီစဉ်လျာထားသော ရွေးကောက်ပွဲအသုံးစရိတ်ပမာဏထက် ပိုမိုကုန်ကျခဲ့သည်။ ရွေးကောက်ပွဲဥပဒေကို ၂၂–၁၂–၂၀၁၉ ရက်နေ့တွင် နောက်ဆုံး ပြင်ဆင်ခဲ့သည်။

### နိုင်ငံရေးပါတီများ

မွန်ဂိုလီးယားနိုင်ငံတွင် ပါတီများစွာရှိသည်။ မွန်ဂိုလီးယားနိုင်ငံသည် ပါတီစုံယှဉ်ပြိုင်နိုင်သည့် နိုင်ငံရေးစနစ်ကို တည်ထောင်ခဲ့သည်။ မွန်ဂိုလီးယားနိုင်ငံတွင် ယခင်ကအဓိကအားဖြင့် ပါတီကြီးနှစ်ခု ရှိခဲ့သည်။ The Mongolian People's Revolutionary Party (MPRP) နှင့် The Democratic Party(DP) တို့ ဖြစ်ပါသည်။ The Mongolian People's Revolutionary Party (MPRP) သည် ၁၉၉၂ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ် ပါလီမန်ရွေးကောက်ပွဲ၊ ၁၉၉၇၊ ၂၀၀၁၊ ၂၀၀၅ သမ္မတရွေးကောက်ပွဲများတွင် အနိုင်ရခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ The Mongolian People's Revolutionary Party (MPRP) ပါတီသည် ပါလီမန်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံးဖြင့် ပါလီမန်ကို အုပ်ချုပ်ခဲ့ပြီး ဆန့်ကျင်ဘက် ပါတီက သမ္မတတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇–၂၀၀၀ ပြည့်နှစ်တွင် The Mongolian People's Revolutionary Party (MPRP) ပါတီသည် သမ္မတ တာဝန်ထမ်းဆောင်ခဲ့ပြီး ဆန့်ကျင်ဘက်ပါတီက ပါလီမန်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေအများဆုံးဖြင့် ပါလီမန်ကို တာဝန်ယူခဲ့သည်။ ထိုစနစ်ကို Semi–Presidential System အတူတကွပေါင်းစပ် အုပ်ချုပ်သောကာလဟု ခေါ်သည်။ The Mongolian People's Revolutionary Party (MPRP) ပါတီသည် ခုနစ်နှစ်နီးပါး နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ဆိုဗီယက်နှင့် တရုတ်နိုင်ငံအကြား အခြေအနေကို ထိန်းညှိအုပ်ချုပ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပြည်သူများက The Mongolian People's Revolutionary Party (MPRP) အစိုးရကို နုတ်ထွက်ရန် တောင်းဆိုခဲ့ပြီးနောက် One Party Communist State စနစ် အဆုံးသတ်ကြောင်း ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံရေးနှင့်စီးပွားရေးစနစ်သည် ၁၉၉၂ ခုနှစ်တွင် ချမှတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းအသစ်များအရ ပါလီမန်ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းခဲ့သည်။ ဆိုဗီယက်ယူနီယံ အကူအညီမပါသော ဆယ်စုနှစ်လွန်ခဲ့ပြီးနောက် မွန်ဂိုလီးယားနိုင်ငံသည် နိုင်ငံခြားပဋိညာဉ်ဖြင့် ကုန်သွယ်မှုများကို ချဲ့ထွင်ခဲ့သည်။ မွန်ဂိုလီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ့အမြင့်ဆုံးဥပဒေဖြစ်သည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ အာရှတွင် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ အာဏာကို သမ္မတနှင့် ပါလီမန် (The State Great Hural – Uisyn Ikh Khural ) အကြား ခွဲဝေထားသည်။ The Mongolian People's Revolutionary Party (MPRP) သည် ၁၉၉၂၊ ၂၀၀၀ ပြည့်နှစ် ပါလီမန် ရွေးကောက်ပွဲ၊ ၁၉၉၇၊ ၂၀၀၁၊ ၂၀၀၅ သမ္မတရွေးကောက်ပွဲများတွင် အနိုင်ရခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ကိုယ်စားလှယ်လောင်းဦးရေ ၅၀ နေရာသာရှိခဲ့သည်။

### ရွေးကောက်တင်မြှောက်ခြင်း

၁၉၉၀ ပြည့်နှစ်တွင် ပထမဆုံးလွတ်လပ်ပြီး ပါတီစုံပါဝင်သောရွေးကောက်ပွဲ ( လွှတ်တော်နှစ်ရပ်ပါဝင်သော) ရွေးကောက်ပွဲကို ၂၉–၇–၁၉၉၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်အရေအတွက်ကို ခရိုင်လူဦးရေအပေါ်မူတည်ပြီး ရွေးချယ်သည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင်ရှိသော ပါတီအရေအတွက်၊ ကိုယ်စားလှယ်အရေအတွက်သည် ခရိုင်အတွင်း မှတ်ပုံတင်ထားသော ပါတီအရေအတွက်၊ ကိုယ်စားလှယ်အရေအတွက်အတိုင်းသာ ဖြစ်သည်။ လူတစ်ဦးသည် ခရိုင်တစ်ခုထဲ၌သာ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိဝင်ရောက်ယှဉ်ပြိုင်သောခရိုင်အတွင်း အနည်းဆုံးထောက်ခံမဲ ၂၅ ရာခိုင်နှုန်းရရှိရမည်။ မဲပေးသည့်အခါ အမှတ်ခြစ်၍ဆန္ဒပြုခြင်းစနစ်ကို ကျင့်သုံးသည်။ မဲပေးသူ ၅၀ ရာခိုင်နှုန်းရှိမှသာ မဲပေးခြင်း အထမြောက်မည်ဖြစ်သည်။ မွန်ဂိုလီးယားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို နှစ်ကျော့ပြန် ရွေးကောက်တင်မြှောက်ခြင်းစနစ် (Two Round System) ကျင့်သုံးပြီး လေးနှစ်တစ်ကြိမ် သမ္မတကို ရွေးကောက်တင်မြှောက်သည်။ နှစ်ကျော့ပြန် ရွေးကောက်တင်မြှောက်ခြင်းစနစ် (Two Round System) ဆိုသည်မှာ အနိုင်ရသော ကိုယ်စားလှယ်လောင်းသည် ဆန္ဒမဲအများစုကို အပြတ်အသတ်ရရှိမှသာ (တစ်နည်းအားဖြင့် ထောက်ခံမဲပေးသူ ၅၀ ရာခိုင်နှုန်း ကျော်မှသာ) အရွေးခံရမည်ဖြစ်သည်။ ယင်းရွေးကောက်ပွဲစနစ်များတွင် ပထမအကြိမ် မဲပေးရုံဖြင့် လွှတ်တော်ကိုယ်စားလှယ် မပေါ်ထွက်လာပါက မဲအများစုအနိုင်ရသူကို တင်မြှောက်နိုင်ရန် မဲဆန္ဒရှင်တို့၏ ဒုတိယဦးစားပေးရွေးချယ်မှုကို အသုံးပြုကြသည်။

*စာမျက်နှာ ၁၁ သို့*


*စာမျက်နှာ ၁၀ မှ*

ဝန်ကြီးချုပ်ကို ပါလီမန်မှ ရွေးချယ်သည်။ လက်ရှိကျင့်သုံးနေသော အစိုးရစနစ်သည် Unitary Semi–Presidential Republic ဖြစ်သည်။ ပါလီမန် တစ်ရပ်သာရှိပြီး ပါလီမန်ကို ၇၆ နေရာဖြင့် ဖွဲ့စည်းထားသည်။ ပါလီမန်ကို (State Great Hural– Uisyn Ikh Khural ) ဟုလည်းခေါ်သည်။ ၇၆ နေရာရှိသည့် အနက် ၄၈ နေရာကို ကိုယ်စားလှယ်အများစုပါသော မဲဆန္ဒနယ်များတွင် မဲဆန္ဒရှင်အများစု၏ဆန္ဒမဲဖြင့် ရွေးချယ်သောစနစ် (plurality vote in multi–member constituencies) ဖြင့် ရွေးချယ်သည်။ ၂၈ နေရာကို စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (closed–list proportional representation system) ဖြင့် ရွေးချယ်သည်။ မဲဆန္ဒနယ်တစ်ခုစီ၌ မှတ်ပုံတင်ထားသော မဲဆန္ဒရှင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း မဲလာပေးလျှင် အထမြောက်သည်။ ပါလီမန် (The State Great Hural– Uisyn Ikh Khural ) ၏ ကိုယ်စားလှယ်များ သေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ ပြစ်ဒဏ်ကျခံခြင်းများရှိပါက ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည်။ မဖြစ်မနေ မဲပေးရသောစနစ်ဖြစ်ပြီး လျှို့ဝှက်မဲပေးသောစနစ်ကို ကျင့်သုံးသည်။ ပါလီမန် (The State Great Hural– Uisyn Ikh Khural ) ကို လေးနှစ်တစ်ကြိမ်ရွေးချယ်သည်။ မဲဆန္ဒရှင် သုံးပုံ နှစ်ပုံ မဲပေးရန်လိုအပ်သည်။ ပါလီမန် (The State Great Hural– Uisyn Ikh Khural) ၏ တာဝန်မှာ အစည်းအဝေးကျင်းပခြင်း၊ ဆွေးနွေးပွဲများ၊ ဥပဒေမူကြမ်းစိစစ်ခြင်း၊ နှစ်စဉ်ဘတ်ဂျက်ရေးဆွဲခြင်း၊ ပြည်တွင်းရေး၊ နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်း၊ အရေးပေါ်အခြေအနေကြေညာခြင်း၊ စစ်ကြေညာခြင်း၊ နိုင်ငံတကာနှင့် စာချုပ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်သည်။ သမ္မတသည် ပါလီမန်နှင့်အတူ တာဝန်ရှိသည်။ သမ္မတသည် ကာကွယ်ရေးစစ်ဦးစီးချုပ်ဖြစ်ပြီး အမျိုးသားလုံခြုံရေးကောင်စီ၏ အကြီးအကဲလည်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သမ္မတကို ဥပဒေပြုရေးဆွဲနိုင်ခွင့်ပေးအပ်ထားသည်။ ပါလီမန်မှထုတ်ပြန်သော ဥပဒေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဗီတိုဖြင့် ပယ်ခွင့်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ခဲ့သည်။ ဝန်ကြီးချုပ်ရွေးချယ်ရန် လုပ်ထုံးလုပ်နည်း ပြင်ဆင်ခြင်းနှင့် ပါလီမန်အစည်း အဝေးကာလ လျှော့ချခြင်းတို့ကို ပြင်ဆင်ခဲ့သည်။ သမ္မတရာထူးအပ်နှင်းပွဲ အခမ်းအနားသည်အကြီးဆုံး အခမ်းအနားဖြစ်သည်။

## အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC)

အထွေထွေရွေးကောက်ပွဲကော်မရှင် (GEC) သည် ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် မဲအရေအတွက် အချိုးအစားနှင့်အညီ နေရာများခွဲပေးရန် တာဝန်ရှိသည်။ အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC) တွင် ဗဟိုကော်မရှင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲဌာနခွဲ ဟူ၍ ရှိသည်။ ဗဟိုကော်မရှင်ကို အဖွဲ့ဝင်ငါးဦးမှ ခုနစ်ဦးအထိ ဖွဲ့စည်းထားသည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်ကို အဖွဲ့ဝင် ခုနစ်ဦးမှ ၁၃ ဦးထိ ဖွဲ့စည်းထားပြီး ခရိုင်များ၊ ခရိုင်ခွဲများ၊ မြို့တော်၏ မြို့ပြခရိုင်ကိုးခုပါဝင်သည်။ ရွေးကောက်ပွဲဌာနခွဲကို သက်ဆိုင်ရာနယ်မြေ အုပ်ချုပ်ရေးမှူးများက မိမိဒေသရှိ မဲဆန္ဒရှင် အရေအတွက်အပေါ်မူတည်၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။ မဲဆန္ဒရှင်များကို ရွေးကောက်ပွဲဌာနခွဲများ၏ တည်နေရာ၊ ရုံးချိန်၊ ရွေးကောက်ပွဲအချိန်ဇယားများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသည်။ ရွေးကောက်ပွဲဌာနခွဲများတွင် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲဆန္ဒနယ် ပြောင်းရွှေ့မှတ်ပုံတင်ခြင်း၊ ဥပဒေအရမဲပေးခွင့်မရှိသူစာရင်းကို မှတ်ပုံတင်ရုံးသို့ အကြောင်းကြားခြင်း၊ မဲရုံပြင်ဆင်ခြင်း၊ ရွှေ့လျားမဲရုံ ပြင်ဆင်ခြင်း၊ မဲရေတွက်ရန်ပြင်ဆင်ခြင်းနှင့် အခြား မြေပြင်လိုအပ်ချက်များကို ဆောင်ရွက်သည်။ ဗဟို ကော်မရှင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲဌာနခွဲများတွင် မိမိစီရင်ပိုင်ခွင့်အတွင်း ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ကော်မတီအစည်းအဝေးပြုလုပ်ပြီး တက်ရောက်သောအဖွဲ့ဝင်များဖြင့် မဲခွဲဆုံးဖြတ်သည်။

အထွေထွေရွေးကောက်ပွဲ ကော်မရှင်(GEC) သည် မှတ်ပုံတင်ခြင်း၊ ပါတီငွေစာရင်းများကို နိုင်ငံ၏ စာရင်းစစ်ဌာနနှင့် ပူးပေါင်း၍ စစ်ဆေးနိုင်သည်။ မဲစာရင်းများကို နိုင်ငံသားမှတ်ပုံတင်ခြင်းနှင့် သတင်းအချက်အလက်များအပေါ် မူတည်၍ စာရင်းပြုစုသည်။ နိုင်ငံရှိ မှတ်ပုံတင်ဌာနမှ မဲစာရင်းစစ်ဆေးခြင်း၊ နှစ်ကြိမ်ထပ်များပယ်ခြင်း၊ စာရင်းမပါသော မဲဆန္ဒရှင်များ ဖြည့်စွက်ခြင်းကို ဆောင်ရွက်သည်။ မဲစာရင်းတွင် အမည်၊ လိင်၊ လိပ်စာများအတိုင်း မဲစာရင်းပြုစုသည်။ သက်ဆိုင်ရာဌာနခွဲများမှ ပြုစုထားသောမဲစာရင်းများကို ပြည်နယ်မှတ်ပုံတင်ရုံးခွဲများမှစစ်ဆေးပြီး မှတ်ပုံတင်ဌာနချုပ်သို့ ပေးပို့ကာ ထိုမှတစ်ဆင့် Website တင်သည်။ မဲစာရင်းပြင်မည်ဆိုပါက ဗဟိုတရားရုံး၏ ခွင့်ပြုချက်ယူ၍ ပြင်ရမည်။ ရွေးကောက်ပွဲဌာနခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များက မဲစာရင်းကို စစ်ဆေးပြီး လက်မှတ်ရေးထိုး၍ထုတ်ပြန်ကြေညာသည်။ မဲဆန္ဒရှင်ကလည်း မဲမပေးမီ မဲစာရင်းစစ်ဆေးရမည်။ မှတ်ပုံမတင်ရသေးသော မဲဆန္ဒရှင်များ၊ မဲဆန္ဒနယ်လွဲ၍ မှတ်ပုံတင်ထားသူများကို ရွေးကောက်ပွဲနေ့မတိုင်မီ ၁၀ ရက် ကြိုတင်၍ အကြောင်းကြားရပါသည်။ မွန်ဂိုလီးယားနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့သည် ရွေးကောက်ပွဲဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို




ရွေးကောက်ပွဲအမျိုးအစားအလိုက် မဲဆန္ဒရှင်အရေအတွက်။

လက်မှတ်ရေးထိုးထားသည်။

## ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ခြင်း

နိုင်ငံရေးပါတီများ၊ ညွန့်ပေါင်းအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရသည်။ ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီ၊ ညွန့်ပေါင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများသည် သတ်မှတ်ထားသော ရွေးကောက်ပွဲအာမခံငွေတင်သွင်းပြီး ဥပဒေနှင့်အညီ မှတ်ပုံတင်ရသည်။ အသက် ၂၅ နှစ်ပြည့်ပြီး မဲပေးနိုင်သည့် အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသူဖြစ်ရမည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် အကြွေးမရှိသူဖြစ်ရမည်။ ပါတီတစ်ခုမှ အမည်စာရင်းတင်သွင်းထားသော ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြားပါတီတွင် အမည်စာရင်းတင်သွင်းခြင်းမပြုနိုင်ပေ။ ခရိုင်တစ်ခုတွင် တစ်ကြိမ်သာ အမည်စာရင်းတင်သွင်းနိုင်ပြီး ခရိုင်တစ်ခုထက်ပို၍ အမည်စာရင်းတင်သွင်းခြင်း မပြုနိုင်ပေ။ ပါတီတစ်ခုစီသည် တစ်ကြိမ်လျှင် ကိုယ်စားလှယ်လောင်းဦးရေ ၇၆ ဦးသာ အမည်စာရင်း တင်သွင်းနိုင်သည်။ အမျိုးသမီး ၂၀ ရာခိုင်နှုန်းပါဝင်ရမည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် ထောက်ခံတင်ပြသည့် မဲဆန္ဒရှင်များ၏ လက်မှတ်ကို သတ်မှတ်အရေအတွက်အတိုင်း ပူးတွဲတင်ပြရမည်။ မဲရလဒ်သည် ပျမ်းမျှသတ်မှတ်ချက်ထက် ကျော်လွန်ရရှိပါက ရွေးကောက်ပွဲအာမခံငွေကို တစ်ဝက်ပြန်ပေးသည်။ ဝန်ထမ်းများ ဝင်ရောက်ယှဉ်ပြိုင်လိုပါက ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ရမည်ဖြစ်သည်။ ခရိုင်ကော်မတီက ခရိုင်တစ်ခုစီအတွက် အမည်စာရင်းတင်သွင်းထားသော ကိုယ်စားလှယ်လောင်းများကို မှတ်ပုံတင်ရမည်။ ပါတီများ၊ ညွန့်ပေါင်းအဖွဲ့များမှ အမည်စာရင်းတင်သွင်းထားသော ကိုယ်စားလှယ်များကို အစားထိုးလဲလှယ်မည်ဆိုပါက အစားထိုးအမည်စာရင်းကို ရက် ၂၀ အတွင်း တင်သွင်းနိုင်သည်။

## ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

ရွေးကောက်ပွဲကို မွန်ဂိုလီးယားနိုင်ငံရွေးကောက်ပွဲဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်တွင်းဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ကျင်းပသည်။ ရွေးကောက်ပွဲ လေးမျိုးရှိသည်။ ပုံမှန်ရွေးကောက်ပွဲ၊ ပုံမှန်မဟုတ်သော ရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲ၊ ပြန်လည်ကျင်းပသောရွေးကောက်ပွဲတို့ ဖြစ်သည်။ ပုံမှန်ရွေးကောက်ပွဲဆိုသည်မှာ လေးနှစ်တစ်ကြိမ် (အရေးပေါ်အခြေအနေမှတစ်ပါး) ပုံမှန်ကျင်းပသည်။ ပုံမှန်မဟုတ်သောရွေးကောက်ပွဲဆိုသည်မှာ ပါလီမန်(The State Great Hural– Uisyn Ikh Khural ) မှ ယခုကျင်းပသော ရွေးကောက်ပွဲကို ဖျက်သိမ်းရန် ဆုံးဖြတ်ခြင်း (သို့မဟုတ်) သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန် (The State Great Hural– Uisyn Ikh Khural ) ကို ဖျက်သိမ်းပြီး အသစ်ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ ပါလီမန် (The State Great Hural– Uisyn Ikh Khural ) အဖွဲ့ဝင်လစ်လပ်နေရာ (ကိုယ်စားလှယ်လောင်း သေဆုံးခြင်း၊ ကျန်းမာရေး မကောင်းခြင်း၊ ဆန္ဒအလျောက်နုတ်ထွက်ခြင်း)ကို ဖြည့်ရန်ကျင်းပသော ရွေးကောက်ပွဲဖြစ်သည်။ ပြန်လည်ကျင်းပသော ရွေးကောက်ပွဲဆိုသည်မှာ ပုံမှန် (သို့မဟုတ်) ပုံမှန်မဟုတ်သော ရွေးကောက်ပွဲပြီးသည့်နောက်တွင် တရားမဝင်ဟု ယူဆ၍ နိုင်ငံတစ်ဝန်းလုံးတွင် ပြန်လည်ကျင်းပသော ရွေးကောက်ပွဲ (သို့မဟုတ်) ခရိုင်များတွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ ပြန်လည်ကျင်းပသော ရွေးကောက်ပွဲ ဖြစ်သည်။ သတ်မှတ်ထားသည့် ခိုင်လုံမဲ ၂၈ ရာခိုင်နှုန်းရရှိသော ကိုယ်စားလှယ်လောင်း မရှိလျှင်ဖြစ်စေ၊ မဲပေးသူ ၅၀ ရာခိုင်နှုန်း မကျော်လျှင်ဖြစ်စေ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပရသည်။

## မဲပေးပိုင်ခွင့်ရှိသူ

အသက် ၁၈ နှစ်ပြည့်ပြီးသူ မွန်ဂိုလီးယားလူမျိုး၊ မွန်ဂိုလီးယားနိုင်ငံသား ဖြစ်ရမည်ဖြစ်ပြီး စိတ်ပေါ့သွပ်နေသူ၊ ထောင်ဒဏ်ကျခံနေရသူ မဟုတ်ပါက ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည်။ နိုင်ငံခြားတိုင်းပြည်များတွင် နေထိုင်သော မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲတွင် မဲပေးရန်အတွက် သံရုံးများတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားရမည်။ ပါတီ (သို့မဟုတ်) ညွန့်ပေါင်းအဖွဲ့အစည်းအတွက်သာ မဲပေးနိုင်သည်။

## နိုင်ငံခြားမဲပေးခြင်း

ကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံခြားမဲပေးခြင်းကို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့မတိုင်မီ ၁၅ ရက်အတွင်း ဆန္ဒပြုပြီးသည့် မဲလက်မှတ်များကို ချိပ်ပိတ်၍ ပေးပို့ရမည်။ ရွေးကောက်ပွဲနေ့မတိုင်မီ ရက် ၆၀ ကြိုတင်၍ ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း ကြေညာရမည်။

## ရွေးကောက်ပွဲအသုံးစရိတ်

ရွေးကောက်ပွဲအသုံးစရိတ်နှင့် စပ်လျဉ်း၍ ပါတီများ၊ ညွန့်ပေါင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲပြီးနောက်တစ်လအတွင်း ကော်မရှင်သို့ ရွေးကောက်ပွဲအသုံးစရိတ်တင်ရမည်ဖြစ်သည်။ ကော်မရှင်သည် အသုံးစရိတ်များကို စစ်ဆေးပြီး သုံးလအတွင်း တရားဝင် ထုတ်ပြန်ကြေညာရမည်ဖြစ်သည်။ အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC)သည် ခရိုင်တစ်ခုစီ၏ နယ်မြေ၊ လူဦးရေအနေအထားပေါ်မူတည်၍ ရွေးကောက်ပွဲအသုံးစရိတ် ပမာဏကို သတ်မှတ်ပေးရမည်။ မိမိကိုယ်ပိုင်ငွေ၊ အလှူငွေများကို သက်ဆိုင်ရာအထောက်အထားခိုင်မာစွာတင်ပြရမည်။ အထွေထွေရွေးကောက်ပွဲကော်မရှင်(GEC) သည် စာရင်းစစ်ဌာနနှင့် ပူးပေါင်းပြီး အဆိုပါငွေစာရင်းများကို စစ်ဆေးသည်။

*(ဆက်လက်ဖော်ပြပါမည်)*

❍ ရွေးကောက်ပွဲကို မွန်ဂိုလီးယားနိုင်ငံရွေးကောက်ပွဲဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်တွင်းဥပဒေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ကျင်းပသည်။ ရွေးကောက်ပွဲ လေးမျိုး ရှိသည်။ ပုံမှန်ရွေးကောက်ပွဲ၊ ပုံမှန်မဟုတ်သော ရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲ၊ ပြန်လည်ကျင်းပ သောရွေးကောက်ပွဲတို့ ဖြစ်သည်။ ပုံမှန်ရွေးကောက်ပွဲ ဆိုသည်မှာ လေးနှစ်တစ်ကြိမ် (အရေးပေါ်အခြေအနေမှ တစ်ပါး) ပုံမှန် ကျင်းပ

# အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၆

**မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များကို ကျွမ်းကျင်လုပ်သားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်စဉ်။

**အလုပ်အကိုင်ရရှိရန်**

အခမ်းအနားတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကျွမ်းကျင်လုပ်သားများ၏ အခွင့်အလမ်းများ အချိန်နှင့် တစ်ပြေးညီ ရရှိခံစားနိုင်စေရန် ရည်မှန်း၍ Online မှ တစ်ဆင့် အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ပေးအပ်နိုင်ရေး ဆောင်ရွက်ခြင်းမှ တစ်ဆင့် အလုပ်အကိုင်အခွင့် အလမ်းများရရှိစေရန် စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်အလွန်ကာလများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် ဖြစ်ပေါ်လာနိုင်သော မတူညီသည့် အလုပ်အကိုင်အခွင့် အလမ်းများ လုပ်ငန်းကဏ္ဍများ အတွက် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများ ဖြည့်ဆည်းပေးနိုင်စေရန် ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားရေးနှင့် စစ်ဆေးအကဲဖြတ်ရေးတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်ကစ၍ ကျွမ်းကျင်လုပ်သား ၁၆၀၃၆ဦး ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ပေးအပ်နိုင်ခဲ့ကြောင်း၊ ယနေ့ ၄၃၇ ဦး ထပ်မံပေးအပ်ပြီးပါက ကျွမ်းကျင်လုပ်သား ၁၆၄၇၃ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ပြီးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ လုပ်သား ၄၂၄ဦးကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စစ်ဆေးအကဲဖြတ်ရန် လျာထားသတ်မှတ်ထားပြီး ဖြစ်ကြောင်း။

ကမ္ဘာ့အလုပ်အကိုင်ပြောင်းလဲလာမှုအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ ကြေညာစာတမ်းနှင့် လမ်းပြမြေပုံ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းရပ်များတွင် အလုပ်သမားဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များကို ကျွမ်းကျင်လုပ်သားများကိုယ်စား ကိုယ်စားလှယ်များထံ ပေးအပ်ကြပြီး အလုပ်ရှင်များကိုယ်စား Lat War Co.,Ltd မှ Managing Director က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လက်မှတ်များထုတ်ယူနိုင်**

အခမ်းအနားတွင် NSSA ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အလုပ်အကိုင် ၁၃ မျိုး၏ ကျွမ်းကျင်မှုအဆင့် (၁) ဖြေဆိုအောင်မြင်ခဲ့သော ကျွမ်းကျင်လုပ်သား ၄၃၇ ဦးတို့အတွက် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို ကိုယ်စားလှယ်များထံ ပေးအပ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ NSSA နည်းပညာ အထောက်အကူပြုရုံးများမှ တစ်ဆင့် သက်ဆိုင်ရာ Assessment Center များသို့ ပေးအပ်မည်ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားများအနေဖြင့် အသိအမှတ်ပြုလက်မှတ်များကို မိမိတို့ ဖြေဆိုခဲ့သော Assessment Center များသို့ သွားရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ NSSA မှ တာဝန်ရှိသူများ၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု “စံ” သတ်မှတ်ရေးကော်မတီ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ၊ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်လုပ်သားများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ တက်ရောက်ကြပြီး Virtual ဖြင့်လည်း ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြောင်းမြအကျဉ်းထောင်နှင့် မြောင်းမြမြို့ပေါ်ရှိ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တွင် မြောင်းမြအကျဉ်းထောင်နှင့် မြောင်းမြမြို့ပေါ်ရှိ ရဲစခန်း၊ တရားရုံးအချုပ်ခန်းတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်၊ သတိပေးချက်၊ စည်းကမ်းချက်များနှင့်အညီ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အုပ်စုခွဲတွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သောနေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ ပြည့်စုံစွာရရှိမှု ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိနှင့် အကျဉ်းထောင်အတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိတို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်းတွေ့ဆုံလိုသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံကာ ၎င်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ကြသည်။

ထို့နောက် အကျဉ်းထောင်ရှိ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ တိုက်ခန်းများ၊ စာကြည့်တိုက်(ဝဲပုံ)၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကို လည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အကျဉ်းသား/ အချုပ်သားများ အသိပညာတိုးပွားစေရန် ရည်ရွယ်၍ အကျဉ်းထောင် စာကြည့်တိုက်တွင် ထားရှိရန် သုတ၊ ရသ၊ ကျန်းမာရေး၊ ဘာသာရေးစာအုပ်မျိုးစုံ အုပ်ရေ ၂၀၀ နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန် မှတ်စုစာအုပ် ၆၉၀ တို့ကို လှူဒါန်းခဲ့ကြသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်များအတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရှင်းလိဂ်ပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် နာမည်ကြီး ဘယ်လ်ဂျီယံနှင့် ပြင်သစ်တို့ယှဉ်ပြိုင်ကစားမည်

ယူအီးအက်ဖ်အေ နေရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် အီတလီရှိ Allianz အားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် နေရှင်းလိဂ်ပြိုင်ပွဲ လိဂ် (A) ၏ အုပ်စု(၂)တွင် ဒိန်းမတ်၊ အင်္ဂလန်၊ အိုက်စလန်အသင်းတို့နှင့်ကျရောက်ခဲ့ပြီး ခြောက်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၁၅ မှတ်ဖြင့် နေရှင်းလိဂ် ဆီမီးဖိုင်နယ်သို့တက်လှမ်းလာနိုင်ခဲ့သည်။ ပြိုင်ဘက် ပြင်သစ်အသင်းက လိဂ် (A) ၏ အုပ်စု(၃)တွင် လက်ရှိချန်ပီယံပေါ်တူဂီ၊ ခရိုအေးရှား၊ ဆွီဒင်အသင်းတို့နှင့် အတူ ကျရောက်ခဲ့ပြီး ခြောက်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၆ မှတ်ဖြင့် နေရှင်းလိဂ် ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းသည် ယနေ့ပွဲစဉ်တွင် အီဒင် ဟာဇက်၊ ဒီဘရိုင်း၊ လူကာကူတို့ ဦးဆောင်ပွဲထွက်လာဖွယ်ရှိသလို ပြိုင်ဘက် ပြင်သစ်အသင်းကလည်း ဂရစ်ဇ်မန်း၊ အမ်ဘတ်ပီ၊ ဘင်ဇီမာတို့ ဦးဆောင်ကာ ပွဲထွက်လာဖွယ်ရှိသည်။ ဘယ်လ်ဂျီယံအသင်းသည် ယနေ့ပွဲစဉ်ပြီးလျှင် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၄ ရက်တွင် အက်စ်တိုးနီးယား၊ ၁၇ ရက်တွင် ဝေးလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပြိုင်ဘက် ပြင်သစ်အသင်းက ယနေ့ပွဲစဉ်ပြီးလျှင် ၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၄ ရက်တွင် ကာဇက်စတန်၊ ၁၇ ရက်တွင် ဖင်လန်အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၅ ဒသမ ၇၁ လက်မ၊ ကျောက်ဆည်(လွန်ကျော်)တွင် ၃ ဒသမ ၅၄ လက်မ၊ တကောင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မြစ်သားမြို့နှင့် မြိတ်မြို့တို့တွင် ၁ ဒသမ ၅၀ လက်မ၊ မတူပီမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် မြင်းမူမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့ ယုံကြည်မှုပြန်လည်တည်ဆောက်ရန် ဆွေးနွေး

ဝါရှင်တန် အောက်တိုဘာ ၆

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ပြင်သစ်သမ္မတ အန်မန်နျူရယ်မက်ခရွန်တို့သည် ခပ်တန်းတန်းဖြစ်နေသည့်နှစ်နိုင်ငံဆက်ဆံရေးနှင့် အင်ဒိုပစိဖိတ်ဒေသတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် တွေ့ဆုံခဲ့သည်။**

ဘလင်ကန်သည် မက်ခရွန်နှင့် နိုင်ငံခြားရေး ဝန်ကြီး ဂျန်ယူဗက်လီဒရီယန်နှင့် ပါရီတွင် အောက်တိုဘာ ၅ ရက်က သီးခြားတွေ့ဆုံခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ပြင်သစ်တို့ ဩစတြေးလျ နိုင်ငံနှင့် အဓိကရေငုပ်သင်္ဘော သဘောတူစာချုပ်ကိစ္စ မကျေမလည်ဖြစ်ပြီးနောက် လွန်ခဲ့သောလက နှစ်နိုင်ငံဆက်ဆံရေး ယိုယွင်းလာခဲ့သည်။ ကင်ဘာရာသည် အော့ကတ်စ်ဟုခေါ်သော သုံးဖက်သုံးသွယ် လုံခြုံရေးမိတ်ဖက်အဖွဲ့သစ်အောက်တွင် အမေရိကန်နှင့် အင်္ဂလန်တို့၏ နည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို ရွေးချယ်ခဲ့သည်။

ပြင်သစ်သမ္မတရုံးက အဆိုပါဆွေးနွေးမှုသည် ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်ဖက်အပြန်အလှန် အင်ဒိုပစိဖိတ်ဒေသ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ပြင်သစ်သည် အော့ကတ်စ်တွင် မပါဝင်သော်လည်း ပင်လယ်ရပ်ခြား အချုပ်အခြာပိုင်ဆိုင်မှုနှင့် ဆက်စပ်လျက်ရှိသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် မက်ခရွန်တို့သည် အဆိုပါကိစ္စရပ်ကို ယခုလနှောင်းပိုင်းတွင် ဥရောပ၌ တွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။

အင်န်အိတ်ချ်ကေ



အောက်တိုဘာ ၅ ရက်က ပါရီတွင် အစည်းအဝေးတက်ရောက်နေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးတို့ကို တွေ့ရစဉ်။

# ဓာတုဗေဒ နိုဘယ်ဆုကို ဂျာမနီနှင့် စကော့တလန်ဖွား သိပ္ပံပညာရှင်နှစ်ဦး ပူးတွဲရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၆**

၂၀၂၁ ဓာတုဗေဒ နိုဘယ်ဆုကို သိပ္ပံပညာရှင်နှစ်ဦးအား ချီးမြှင့်လိုက်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံ အကယ်ဒမီက အောက်တိုဘာ ၆ ရက်က ကြေညာလိုက်သည်။





ဆွီဒင်အင်စတီကျူုက ယခုနှစ် ဓာတုဗေဒ နိုဘယ်ဆုကို ဂျာမနီသိပ္ပံပညာရှင် ဘန်ဂျမင်လစ်တ်နှင့် အမေရိကန် ပရင်စတန်တက္ကသိုလ်၏ စကော့တလန်ဖွား သိပ္ပံပညာရှင် ဒေးဗစ် ဒဗလျူစီ မက်စ်မီလန်တို့ကို မော်လီကျူးများ တည်ဆောက်ရာတွင် လွယ်ကူအောင် အထောက်အကူပြုသည့် ပညာရပ်တစ်ခုဖြစ်သည့် organocatalysis ဟုခေါ်သည့် ဓာတုဗေဒပညာရပ်ကို တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ယခုလို ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

၎င်းတို့သည် ဆုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃ သန်းကို ခွဲဝေရရှိကြမည် ဖြစ်သည်။

သိပ္ပံပညာရှင် နှစ်ဦးသည် ဓာတုဓာတ်ပြုမှုများကို ထိန်းချုပ်ခြင်း သို့မဟုတ် မြန်ဆန်အောင် လုပ်ဆောင်ပေးသည့် ဓာတ်ကူပစ္စည်း catalysts ဟုခေါ်သည့် ပစ္စည်းနှင့် တတိယအမျိုးအစား ဓာတ်ပြုခြင်းတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းတို့၏ တွေ့ရှိမှုကို asymmetric organocatalysis ဟုခေါ်ပြီး အဆိုပါတွေ့ရှိမှုသည် သုတေသန နယ်ပယ်သစ်တစ်ခုကို လမ်းဖွင့်ပေးနိုင်ခဲ့သည်။ ၎င်းတို့၏ ကျေးဇူးကြောင့် အဆိုပါပညာရပ်သည် ၂၀၀၀ ပြည့်နှစ်မှစပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။

တယ်လီဖုန်း တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် လစ်တ်က မမျှော်လင့်ဘဲ အံ့အားသင့်ခဲ့ရကြောင်းနှင့် ထိုခဏတာအချိန်လေးကို တစ်သက် မေ့လို့မရနိုင်တော့ကြောင်း ပြောကြားလိုက်သည်။

လစ်တ်ကို ဂျာမနီနိုင်ငံ ဖရန့်ဖတ်တွင် ၁၉၆၈ ခုနှစ်က မွေးဖွားခဲ့ပြီး ဖရန့်ဖတ်ရှိ ဂိုသဲတက္ကသိုလ်တွင် ၁၉၉၇ ခုနှစ်၌ ဒေါက်တာဘွဲ့ရရှိခဲ့သည်။ သူသည် ယခုအခါတွင် မက်ပလန့်ခ် အင်စတီကျူ၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။

မက်စ်မီလန်ကို ဗြိတိန်၊ ဘဲလ်ရှီးလ်အရပ်တွင် ၁၉၆၈ ခုနှစ်က မွေးဖွားခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအာဗိုင်းရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၃၀၉၄ ဦးရှိလာ

**ဂျကာတာ အောက်တိုဘာ ၆**

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၈၄ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၂၃၀၉၄ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၇၅ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၂၄၁၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၂၈၅၁ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၅၂၃၀၀ ဦးအထိ ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်းအနည်းဆုံး ၅၄ ဒသမ ၄၄ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၉၅ ဒသမ ၇၈ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# ကျောင်းနေအရွယ်ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် လာအိုကျန်းမာရေးဝန်ကြီးဌာန ပြင်ဆင်

**ဗီယန်ကျင်း အောက်တိုဘာ ၆**

လာအိုကျန်းမာရေးဌာနက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် အသက် ၁၂ နှစ်မှ ၁၇ နှစ်အရွယ်ရှိ ကျောင်းနေအရွယ် ကလေးအရေအတွက်ကို စိစစ်အကဲဖြတ်ရန် နိုင်ငံတစ်ဝန်းရှိ ပညာရေးနှင့် အားကစားအရာရှိများကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း ပြောကြားလိုက်သည်။



လာအိုနိုင်ငံရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ပျော်ရွှင်စွာ စာသင်ကြားနေသည့် ကလေးငယ်များကို တွေ့ရစဉ်။

ကျောင်းများ ပိတ်ထားစဉ် ထောက်ခံ အားပေးခဲ့သော အွန်လိုင်း သင်ကြားရေးတွင် ပြဿနာအတော်များများ ရင်ဆိုင်ကြုံတွေ့ပြီးနောက် ကျောင်းနေအရွယ် ကလေးများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ပညာရေး အာဏာပိုင်များက အကြံပြုခဲ့ကြောင်း ဗီယန်ကျင်းတိုင်းမ် နေ့စဉ်သတင်းတွင် အောက်တိုဘာ ၆ ရက်က ဖော်ပြခဲ့သည်။

အင်တာနက် အသုံးပြုနိုင်မှုတွင် လစ်ဟာမှုများရှိနေခြင်းနှင့် တချို့ဒေသများတွင် စိတ်မချရခြင်းများ ကြုံတွေ့ရခြင်းကြောင့် မိသားစု အတော်များများ အွန်လိုင်းသင်ကြားရေးကို ကလေးများအတွက် မဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။

လုံလောက်သည့် ကလေးအရေအတွက် အတော်များများကိုသာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့မည်ဆိုပါက ကျောင်းများ လုံခြုံစိတ်ချရမည်ဖြစ်ပြီး ပြန်လည်ဖွင့်လှစ် ခွင့်ပြုမည်ဖြစ်သည်။

အောက်တိုဘာ ၄ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ရက်တန်နက်ဆေးဖက်ဆိုဗန်က ပညာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုခံစားနေရသော ကျောင်းသားများနှင့် အိမ်တွင် အွန်လိုင်းသင်ကြားရန် ကြိုးစားနေသည့် ကျောင်းသားများ အကြောင်း သတင်းအချက်အလက်များ ကောက်ယူရန် တခြားသော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုက်သည်။

"ကျောင်းတွေပြန်ဖွင့်ဖို့ဆိုတာ ကျောင်းသား အရေအတွက် ဘယ်လောက် များများကို ကာကွယ်ဆေး ထိုးပေးပြီးပြီလဲ ဆိုတဲ့အပေါ် မူတည်နေတာဖြစ်တဲ့ အတွက် ဘယ်အချိန်မှာ ကျောင်းတွေ ပြန်ဖွင့်မလဲဆိုတာ ကျွန်တော်တို့ မပြောနိုင်သေးဘူး"ဟု ရက်တန်နက်ဆေးဖက်ဆိုဗန်က ပြောကြားလိုက်သည်။

သို့သော်လည်း ကလေးများ သင်ရိုးညွှန်းတမ်းများကို မလိုက်နိုင်မှာ စိုးရိမ်သည့်အတွက် အစိုးရသည် အွန်လိုင်းသင်ကြားရေး အတွေ့အကြုံအခက်အခဲများပေါ် မူတည်ပြီး ကျောင်းများကို ပြန်လည်ဖွင့်လှစ် ခွင့်ပြုရေးကို စဉ်းစား ဆုံးဖြတ်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# ထားဝယ်မြို့ တိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ယာဉ်မောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေး(အမျိုးသမီးဝန်ထမ်း)တို့ကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထားဝယ်ဒေသအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူများ ထပ်မံဖမ်းဆီးရမိ

## အပြစ်မဲ့ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ရန်နှင့် ဒေသတွင်းဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဓိကစီစဉ်ညွှန်ကြားသူမှာ NLD ပါတီမှ ထားဝယ်မြို့နယ်၊ မဲဆန္ဒနယ်(၂)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း မိုးမိုးသူ (ဖမ်းဆီးရန်ကျန်) နှင့် ထားဝယ်မြို့နယ်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဇော်လေး (ဖမ်းဆီးရန်ကျန်) တို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရ

နေပြည်တော် အောက်တိုဘာ ၆

**အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ ထားဝယ်မြို့ တိုင်းရင်းသားဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ယာဉ်မောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေး (အမျိုးသမီးဝန်ထမ်း) တို့ကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထားဝယ်ဒေသအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသူများအနက်မှ လုပ်ကြံသတ်ဖြတ်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်သူများဖြစ်သော တရားခံ ထွန်းထွန်းဦး၊ ရာဇာထွန်း၊ သက်ပိုင်ဦး၊ စိုင်းမင်းသူ၊ မင်းဆက်မှူးတို့ အပါအဝင် ဆက်စပ်တရားခံ အမျိုးသား ၂၀၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း ၂၃ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။**

တရားခံများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၄ ရက်တွင် ထားဝယ်မြို့ ဆန်းချီရပ်ကွက် ကမြောကင်းလမ်းရှိ Gold Sticker ဆိုင်ရှေ့၌ ဆက်စပ်တရားခံ **မြတ်ကျော်သူ (ခ) ဖိုးကျား (ခ) ရဲလေး** (၂၀ နှစ်) အား ၉ မမ ပစ္စတို တစ်လက်၊ ၎င်းကျည် လေးတောင့်၊ ကျည်အိမ် တစ်ခုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

### ပူးပေါင်းပါဝင် ကျူးလွန်

တရားခံ မြတ်ကျော်သူ (ခ) ဖိုးကျား (ခ) ရဲလေး ၏ ထွက်ဆိုချက်အရ ၎င်းသည် မေ ၁၄ ရက်တွင် ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ဆိပ်ကမ်းသာလမ်း မော်လမြိုင် ဗောတံတားအနီးတွင် အပြစ်မဲ့ပြည်သူ ဦးဖေသန်းကို ဒလန်ဟုစွပ်စွဲကာ လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ **အောင်ခိုင်** က သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင် မင်းဆက်မှူး (ခ) ကိုမှူး၊ ထွန်းထွန်းဦးနှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ငွေးလွင်ဖြိုး (ခ) အာလူး၊ ဆက်ပိုင်၊ ဆံရှည်၊ သားကြီး (ခ) ဆူကီ၊ သားကြီး၊ စိုးမိုးထိုက် (ခ) ထိုက်ထိုက်၊ သက်ဦး၊ မောင်သက် (ခ) ဂျပု၊ ကိုပိုင်၊ နောင်အောင်** တို့နှင့်အတူ ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ မြတ်ကျော်သူ (ခ) ဖိုးကျား (ခ) ရဲလေး ၏ ထွက်ဆိုချက်အရ ၎င်းသည် ဩဂုတ် ၂၉ ရက်တွင် တိုင်းဒေသကြီး တိုင်းရင်းသား ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဌာန၊ ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဒန်နှင့် ယာဉ်မောင်း ဝေလင်းအောင်တို့ နှစ်ဦးကို ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ တိုင်းဒေသကြီး တိုင်းရင်းသား ဖွံ့ဖြိုးရေး သင်တန်းကျောင်း အနောက်ဘက်တွင် သက်ဦး၊ မင်းဆက်မှူးနှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **အောင်ခိုင်၊ ဝေဒီဂန်း၊ ဆုမာလေး၊ ဖုန်းမဲ၊ ခိုင်ခိုင်မာ၊ ထိုက်ထိုက်၊ ကောင်းထက်ဇော်၊ အောင်ပိုင်ဦး** တို့နှင့်အတူ လုပ်ကြံသတ်ဖြတ်ရာတွင် ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### ပစ္စတိုဖြင့် ပစ်ခတ်

အလားတူ စက်တင်ဘာ ၂၀ ရက်တွင် ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ရွှေတောင်စားဘုရားလမ်း၊ "မလိငပိ" ဈေးဆိုင်ရှေ့တွင် ဘုမွှော်ရပ်ကွက် စာရေးတာဝန်ထမ်းဆောင်သူ ဒေါ်စန်းစန်းဝေ (၅၇ နှစ်) ကို ရာဇာထွန်းက ပစ္စတိုဖြင့် သုံးချက် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်တွင် မင်းဆက်မှူး (ခ) ကိုမှူး၊ ထွန်းထွန်းဦး၊ **ကောင်းကောင်း** (ဖမ်းဆီးရန်ကျန်) တို့နှင့်အတူ ပူးပေါင်းပါဝင် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



ထားဝယ်မြို့ ဆန်းချီရပ်ကွက် ကမြောကင်းလမ်းရှိ Gold Sticker ဆိုင်ရှေ့၌ ပစ္စတို တစ်လက်နှင့်အတူ ဖမ်းဆီးရမိသည့် မြတ်ကျော်သူ (ခ) ဖိုးကျား (ခ) ရဲလေး။




ထိုသို့ အပြစ်မဲ့ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ရန်နှင့် ဒေသတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဓိက စီစဉ်ညွှန်ကြားသူမှာ NLD ပါတီမှ ထားဝယ်မြို့နယ် မဲဆန္ဒနယ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဖြစ်သူ **မိုးမိုးသူ** (ဖမ်းဆီးရန်ကျန်) နှင့် NLD ပါတီမှ ထားဝယ်မြို့နယ် အလုပ်အမှုဆောင် အဖွဲ့ဝင် **ဇော်လေး** (ဖမ်းဆီးရန်ကျန်)တို့ ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

### သတင်းပေးတိုင်ကြားနိုင်

အထက်ပါ ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာ နေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း နှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၅ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသား တစ်ဦးကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၂၆၁ ဦး၊ အမျိုးသမီး ၂၃၉ ဦး၊ စုစုပေါင်း ၅၀၀ ကိုလည်းကောင်း လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အောက်တိုဘာ ၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၁၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၄၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၇၉၉၈ ဦးရှိ

**(၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၅-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၃၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၇၁၇)ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၄) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၃၁,၇၀၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၃,၀၂၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၉၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၂၆,၇၃၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၇,၉၉၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၅-၁၀-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၈,၆၈၆,၉၁၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၉၄၉,၃၀၇) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၇၃၇,၆၀၆) ဦး ရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၅-၁၀-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၁၂,၆၃၆,၂၂၀) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၇၈၅)ခု | (၂၈၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၄)ခု | (၁၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၅)ခု | (၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၁)ခု | (၃၅)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆၃)ခု | (၂၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၉၅)ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၅)ခု | (၉၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၅၂)ခု | (၁,၂၅၄)ဦး |
| **စုစုပေါင်း** | (၂၀,၃၉၀)ခု | (၁,၇၁၇)ဦး |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**
**(၅-၁၀-၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေ | (၄,၇၃၇,၆၀၆)ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေ | (၃,၉၄၉,၃၀၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီးလူဦးရေစုစုပေါင်း | (၈,၆၈၆,၉၁၃)ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေးအကြိမ်ပေါင်း(Vaccine Doses) | (၁၂,၆၃၆,၂၂၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရန်ပုံငွေမှ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည်ဖြစ်ပြီး ချေးငွေလျှောက်လွှာ နောက်ဆုံးလက်ခံမည့်ရက်ကို အောက်တိုဘာလ (၁၀)ရက်နေ့အထိ လက်ခံဆောင်ရွက်ပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် (၃/၂၀၂၁)**
**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည်ဖြစ်ပါကြောင်းနှင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ရန်ကုန်မြို့) နှင့် တိုင်းဒေသကြီး/ ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ၌ လက်ခံသွားမည်ဖြစ်ပါကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၂။ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ ချေးငွေလျှောက်ထားမည့်သူများအနေဖြင့် လိုအပ်သည့် စာရွက်စာတမ်းများ ပြင်ဆင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေလျှောက်လွှာ နောက်ဆုံးလက်ခံမည့်ရက်ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့အထိ အစိုးရရုံးပိတ်ရက်များ အပါအဝင် ရုံးချိန်အတွင်း ဆက်လက်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး
သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၆**

တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် မိုင်းပျဉ်း တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များရှိ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများသို့ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပန်းချီ ပန်းပုပညာရှင်များနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



ရန်ကုန် အောက်တိုဘာ ၆

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)တို့ ပူးပေါင်းစီစဉ်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံးမှပညာရှင်များနှင့် မိသားစုဝင်များကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း (မူလွန်)၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။**

ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် ရောဂါအခံ ရှိ၊ မရှိ မေးမြန်းခြင်းနှင့် ကာကွယ်ဆေးထိုးပြီးပါက ကျန်းမာရေးအတွက် ကာကွယ်နေထိုင်ရမည့် အစီအစဉ်များကို ပြောကြားဆောင်ရွက်ပေးကြပြီး မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံးမှ ပန်းချီပန်းပုပညာရှင် သက်ကြီးရွယ်အိုများ၊ တာဝန်ထမ်းဆောင်ဆဲ အဖွဲ့ဝင်များနှင့် မိသားစုဝင် ၈၆ ဦးကို ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံးမှ ပန်းချီပန်းပုပညာရှင် သက်ကြီးရွယ်အိုများနှင့် တာဝန်ထမ်းဆောင်ဆဲ အဖွဲ့ဝင်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးကို (ပထမအကြိမ်) ထိုးနှံပေးခြင်းဖြစ်ပြီး နိုဝင်ဘာ ၃ ရက်တွင် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှယာဉ်စီးရေ သုံးစီးဖြင့် အောက်ဆီဂျင်(အရည်)Bowser တစ်စီးဖြင့် ၁၉ ဒသမ ၄၂ တန်၊ Oxygen Plant နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၇၀ နှင့် နှာခေါင်းစည်း (Mask) ၂ ဒသမ ၈ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး၊ Oxygen Plant နှစ်ခုမှာ ကူမဲမြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြု ပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ Oxygen Plant များ တင်ဆောင်လာသည့် မော်တော်ယာဉ်။

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကျန်းမာရေးစောင့်ရှောက်ပေး

**နေပြည်တော် အောက်တိုဘာ ၆**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၃ ဦးနှင့် အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၆၄ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၅ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၅၂ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက်(၅၅)နှစ်နှင့်အထက် ပြည်သူများအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းနှင့် ကာကွယ်ဆေးထိုးနှံရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် အများပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘောဇလမ်းရှိ အ.မ.က(၃) မူလွန်ကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဆက်လက်ထိုးနှံ ဆောင်ရွက်ပေးသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံကြသူများကို ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သွေးအတွင်း အောက်ဆီဂျင်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ရောဂါအခံ ရှိ၊ မရှိ မေးမြန်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ဗဟန်းမြို့နယ်အတွင်းရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်ရှိပြီး ကာကွယ်ဆေးထိုးနှံခြင်းကို သက်ဆိုင်ရာ ဦးစားပေးအလိုက် ဦးတည်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၅ ရက်အထိ အသက်(၅၅)နှစ်နှင့်အထက် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံသူပေါင်း ၆၆၄၉ ဦးရှိကြောင်း သိရသည်။

**အာကာစိုး**

# ကလေးတွေက စာသင်ချင်တယ်၊ သူတို့ကကျောင်းဖွင့်ဖို့ မျှော်လင့်တယ်။ ဒီကာကွယ်ဆေး အချိန်မီထိုးနှံပြီးရင် ဆရာ ဆရာမတွေရော၊ ကျောင်းသူ၊ ကျောင်းသားတွေရော ပျော်ရွှင်ကြမယ်ထင်ပါတယ်

**ဒေါ်နုနုသာ (မြို့နယ်ပညာရေးမှူး)**

အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော အသက် (၁၂) နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ကျောက်ဖြူမြို့နယ်ပညာရေးမှူးနှင့် တွေ့ဆုံမေးမြန်းထားသည်ကို ဖော်ပြလိုက်ပါသည်။

ဒေါ်နုနုသာ
ကျောက်ဖြူမြို့နယ်ပညာရေးမှူး




ကျောက်ဖြူမြို့နယ်ပညာရေးမှူး ဒေါ်နုနုသာအား တွေ့ဆုံမေးမြန်းစဉ်။

**မေး ။** ဆရာမကြီးတို့ရဲ့ အထက်တန်း/အလယ်တန်းကျောင်းတွေမှာ နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ အသက် ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးဖို့ စီစဉ်နေတယ်လို့ သိရတဲ့အတွက် ကာကွယ်ဆေးထိုးနှံဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေလေးကို သိချင်ပါတယ်ရှင့်။

**ဖြေ ။** အသက် ၁၂ နှစ်ပြည့် ကလေးများကို ကာကွယ်ဆေးထိုးဖို့လို့ ကျွန်မတို့မြို့နယ်မှာ ထက်ဆင့်သင်နှင့် လယ်ဆင့်သင်ကျောင်း ၁၅၈ ကျောင်း ရှိပါတယ်။ IDP က တစ်ကျောင်းပါတယ်။ ဘုန်းတော်ကြီး ပညာသင်ကျောင်းက လေးကျောင်းပါပါတယ်။ အဲဒီအထဲမှာ ၁၂ နှစ်ပြည့်ပြီးတဲ့ ကျောင်းသား၊ ကျောင်းသူ ၁၅၆၄၅ ဦးရှိပြီးတော့ ဒီကလေးတွေကို မြို့နယ်အစိုးရ အဖွဲ့အစည်း၊ ခရိုင်ဆရာဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြီးတော့နောက်ဌာနဆိုင်ရာတွေနဲ့ပူးပေါင်းပြီး ဒီကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းကို ကြိုတင်ပြီး စီမံချက်ရေးဆွဲရပါတယ်။ ကျောက်ဖြူမြို့နယ်မှာ အဲဒီလိုစီမံချက်ဆွဲပြီး ဆေးထိုးမယ့်စုရပ် နယ်မြေစုရပ် စတဲ့စုရပ် ၁၅ ခု သတ်မှတ်ထားပါတယ်။

IDP စခန်းက သီးခြားတစ်ခုပါ။ ကျန်တဲ့ကျောင်းတွေက ၁၄ ခု ဖြစ်ပါတယ်။ မြို့ပေါ်မှာကျတော့ ကျောင်းသား၊ ကျောင်းသူ ၃၈၂၈ ဦးကို ထိုးပါမယ်။ တစ်ရက်ကို ဦးရေ ၁၀၀၀ နှုန်း ထိုးနှံနိုင်အောင်အတွက် ၁၅၈ ကျောင်းက ကျောင်းအုပ်တွေကို ခေါ်ယူပြီးတော့ ဒီနေ့ အစည်းအဝေးလုပ်ပါတယ်။ ဆေးထိုးနှံမယ့် စာရင်းကိုလည်း တိတိကျကျပြုစုမယ်။ ဆေးထိုးနှံရာမှာလည်း စာရင်းဖြည့်သွင်းဖို့အတွက် ကွန်ပျူတာ နည်းပညာပိုင်းဆိုင်ရာ ဆရာတွေကို စုရပ်တစ်ခုမှာ ၃၀၀၀ အထက်ဆိုရင် ဆရာ၊ ဆရာမ ခြောက်ဦး၊ ၂၀၀၀ အောက်ဆိုရင် သုံးဦးစီထားရှိဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ မနက်ဖြန်မှာ Software နည်းပညာပိုင်း ရေးသွင်းနည်းသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး သင်ကြားပေးဖို့ စီစဉ်ထားပါတယ်။

**မေး ။** ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးမယ့် စုရပ် ၁၅ ခုရဲ့ နေရာလေးတွေသိချင်ပါတယ်ရှင့်။

**ဖြေ ။** ကာကွယ်ဆေး ထိုးနှံမယ့် စုရပ်တွေက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းအုပ်စု၊ စုရပ် (၁) မှာ ကျောင်းက ၂၃ ကျောင်းပါရှိပြီးတော့ ၃၈၂၈ ဦးကို ထိုးနှံပါမယ်။ အခြေခံပညာအထက်တန်းကျောင်း (ဂုံးချိန်) အုပ်စု၊ စုရပ် (၂) မှာ ကျောင်းက ရှစ်ကျောင်းပါရှိပြီးတော့ ၉၅၁ ဦးကို ထိုးနှံပါမယ်။ မူလတန်းလွန်ကျောင်း (စေမော်) အုပ်စု၊ စုရပ် (၃) မှာ ကျောင်းက ၁၂ ကျောင်းပါရှိပြီး ၉၉၆ ဦးကို ထိုးပါမယ်။ နောက်အုပ်စု တစ်ခုကတော့ အခြေခံပညာအထက်တန်းကျောင်း ဆင်ဘုတ်ကျွန်းချောင်အုပ်စု စုရပ် (၄) မှာ ကျောင်းက ၁၇ ကျောင်းပါရှိပြီး ၁၂၂၃ ဦးကို ထိုးနှံပါမယ်။

အခြေခံပညာအထက်တန်းကျောင်း (မင်းပြင်) အုပ်စု၊ စုရပ် (၅) မှာ ၉၈၈ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (ဇင်ချောင်း) အုပ်စု၊ စုရပ်(၆)မှာ ၁၀၅ ဦး၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ဘောရဘာအုပ်စု၊ စုရပ် (၇) မှာ ၄၈၉ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (စနဲ) အုပ်စု၊ စုရပ် (၈) မှာ ၆၁၉ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (ဒွေးချ) အုပ်စု၊ စုရပ် (၉) မှာ ၅၁၆ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) လုံပျောက်အုပ်စု၊ စုရပ် (၁၀) မှာ ၁၄၂၅ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (ကပိုင်ချောင်း) အုပ်စု၊ စုရပ် (၁၁) မှာ ၁၀၁၅ ဦးကို နှစ်ရက်ထိုးပါမယ်။ အခြေခံပညာ အထက်တန်းကျောင်း (ငွေတွင်းတူး) အုပ်စု၊ စုရပ် (၁၂) မှာ ၇၆၆ ဦးကို နှစ်ရက်ထိုးပါမယ်။ အခြေခံပညာအထက်တန်းကျောင်း (မြို့ချောင်း) အုပ်စု၊ စုရပ် (၁၃) မှာ ၁၀၂၇ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (အောက်မဒေကျွန်း) အုပ်စု၊ စုရပ် (၁၄) မှာ ၃၁၄ ဦးနဲ့ စုရပ် (၁၅) ကျောက်တစ်လုံး IDP စခန်းမှာတော့ ၇၉ ဦး ရှိပါတယ်။ စုစုပေါင်းကတော့ ၁၅၆၄၅ ဦး ထိုးနှံပေးသွားပါမယ်။

**မေး ။** ကျောင်းသား၊ ကျောင်းသူတွေကို စုရပ်တွေမှာ ကာကွယ်ဆေးထိုးနှံဖို့အတွက် အသိပေးချက်တွေကို ဘယ်လိုဆောင်ရွက်ထားပါသလဲရှင့်။

**ဖြေ ။** ကာကွယ်ဆေးထိုးနှံဖို့အတွက် အထက်က အောက်တိုဘာ ၁၀ ရက် နောက်ပိုင်းမှာ စတင်ထိုးနှံဖို့ဖြစ်တဲ့အတွက်ကြောင့် နယ်မြေခံကျောင်းတွေက ဆရာကြီး၊ ဆရာမကြီးတွေ အားလုံးကို အသိပေးထားပြီးဖြစ်ပါတယ်။ ကျောင်းအုပ်ကြီးတွေက ကျောင်းသားမိဘတွေနဲ့ တွေ့ဆုံပြီးတော့ ၁၂ နှစ်ပြည့် ကလေးတွေကို ကာကွယ်ဆေးထိုးဖို့အတွက် သဘောတူညီချက်ပါရှိတဲ့ လက်မှတ်ကိုလည်း ရယူထားမှာပါ။ မိဘတွေရဲ့ သဘောတူညီချက်နဲ့သာ ဒီဆေးထိုးနှံမှုကို လုပ်ပါမယ်။ အတန်းပိုင်ဆရာတွေကတစ်ဆင့် ဆေးထိုးဖို့အတွက် ကျောင်းသားတွေကို လက်ဆင့်ကမ်းမယ်။ သဘောတူညီချက်ရပြီဆိုတာနဲ့ ဘယ်ကျောင်း၊ ဘယ်ကျောင်းတွေကို ထိုးနှံမယ်။ ပြီးတော့ မနက်၊ ညနေပိုင်း ခွဲပြီးထိုးနှံဖို့ စီစဉ်မှာဖြစ်ပါတယ်။

**မေး ။** မကြာခင်မှာ အခြေခံပညာကျောင်းတွေကို ပြန်လည် ဖွင့်လှစ်တော့မယ်လို့ သိရပါတယ်။ ကျောင်းတွေပြန်လည်ဖွင့်ဖို့အတွက် ဆရာမကြီးတို့အနေနဲ့ ဆောင်ရွက်ထားရှိမှုလေး သိချင်ပါတယ်ရှင့်။

**ဖြေ ။** ကျောင်းတွေ ပြန်ဖွင့်ဖို့အတွက်ဆိုရင် ဒီကျောင်းမဖွင့်ခင် ကိုဗစ် တတိယလှိုင်းဝင်နေတဲ့အချိန်မှာ Grade-6၊ Grade-7 သင်ထောက်ကူပြုပစ္စည်းတွေ၊ ရသစာပေစာအုပ်တွေ ပိတ်မိနေတဲ့အတွက် စက်တင်ဘာလကုန်ကတည်းက ကျောင်းတွေအသီးသီးကို အချိန်မီရောက်နိုင်အောင် ထုတ်ပေးထားပါတယ်။ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးတွေအပြင် ကျောင်းဖွင့်ဖို့အတွက်လည်း ကြိုတင်ပြင်ဆင် ထားရှိပါတယ်။ ရေရရှိရေးနှင့် လက်ဆေးဘေစင်များကိုလည်း ပြန်လည်ပြင်ဆင်ထားရှိမှုတွေကို မေလကတည်းက ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

**မေး ။** ခုကျောင်းတွေဖွင့်တဲ့အခါမှာ ဆရာ ဆရာမတွေအားလုံးရော ကိုဗစ်ကာကွယ်ဆေးထိုးနှံထားပြီးပါသလားရှင့်။

**ဖြေ ။** ကိုဗစ်ကာကွယ်ဆေးကို ဆရာ ဆရာမအားလုံး ၉၁ ဒသမ ၆၆ ရာခိုင်နှုန်း ထိုးနှံထားပြီးဖြစ်ပါတယ်။ မထိုးရသေးသူတွေကတော့ နို့တိုက်မိခင်နဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေလောက်ပဲ ကျန်ပါတော့တယ်။

**မေး ။** အသက် ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာမှာ အဆင်ပြေပြေ ဆောင်ရွက်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်နေတဲ့ ဌာန/အဖွဲ့အစည်းတွေကို သိပါရစေ။

**ဖြေ ။** ကာကွယ်ဆေးထိုးနှံဖို့ ပူးပေါင်းဆောင်ရွက်တာကတော့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် ၅ ဦးကော်မတီ ဖွဲ့စည်းထားပါတယ်။ ပထမ ၅ ဦး ကော်မတီနဲ့ အစည်းအဝေးပြုလုပ်ပါတယ်။ နောက်ပြီးတော့ ဌာနပေါင်းစုံဖြင့် စီမံချက်တစ်ခုရေးဆွဲထားပါတယ်။

**မေး ။** အသက် ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်မှုအပေါ် ဆရာမကြီးရဲ့ ပီတိစကားသံလေးကို ပြောကြားပေးပါရှင့်။

**ဖြေ ။** ကျွန်မကတော့ အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ ကိုဗစ် တတိယလှိုင်း ဝင်လာတဲ့အခါ ကျောင်းတွေ ပြန်ပိတ်လိုက်တော့ စိတ်ခံစားရတာပေါ့။ ကလေးတွေက စာသင်ချင်တယ်၊ သူတို့က ကျောင်းဖွင့်ဖို့ မျှော်လင့်တယ်။ ဒီကာကွယ်ဆေး အချိန်မီထိုးနှံပြီးရင် ဆရာ ဆရာမတွေရော၊ ကျောင်းသူ၊ ကျောင်းသားတွေရော ပျော်ရွှင်ကြမယ်ထင်ပါတယ်။ ပြန်ပြီးတော့ ကျောင်းတွေမှာ စိုစိုပြည်ပြည်တွေနဲ့ ကျောင်းတွင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ကျောင်းသား၊ ကျောင်းသူတွေ ပျော်ပျော်ရွှင်ရွှင်စာသင်ယူနေတဲ့ မြင်ကွင်းကိုပဲ ကျွန်မတို့ မြင်ချင်ပါတယ်။

**မေး ။** ဆရာမကြီးအနေနဲ့ ဖြည့်စွက်ပြောကြားချင်တာ ပြောပြပေးပါရှင့်။

**ဖြေ ။** ဖြည့်စွက်ပြောချင်တာကတော့ လုပ်ငန်းအနေနဲ့ ကျောင်းကို မြန်မြန်ပြန်ဖွင့်ချင်ပါပြီပေါ့နော်။ ဒီရောဂါပြတ်တာနဲ့ ကျောင်းကိုမြန်မြန်ဖွင့်လို့ရှိရင် ကျောင်းရဲ့လုပ်ငန်းတွေကို အချိန်မီမီနဲ့ ဆောင်ရွက်နိုင်မယ်။ ကျောင်းရဲ့လုပ်ငန်းဆိုတာက တစ်နှစ်တာ ၁၀ လကာလ စာသင်ရမှာဖြစ်ပါတယ်။ အဲဒီကျောင်းသင်ကြားရေး ၁၀ လကို ကျွန်မတို့က မမီတော့ဘူး။ အဲဒီ ၁၀ လကို ကျွန်မတို့ ဝန်ကြီးဌာနကနေပြီး သင်ရိုးကို ညှိနှိုင်းပြီးတော့ ကျောင်းဖွင့်တဲ့အချိန်မှာ စာသင်ကြားရေးကိုပဲ ဦးစားပေးပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ဆရာမကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်။

**တွေ့ဆုံမေးမြန်းသူ - ဒေါ်ခင်ယုယုနွယ်**
**ဓာတ်ပုံ - ဖြိုးဝေလင်း၊ တင်ထွန်းဦး**

---

❑ *ကျောဖုံးမှ*

ယခုဘဏ္ဍာနှစ် ၆ လဘတ်ဂျက်တွင် စိုက်ပျိုးရေးတောင်သူများအတွက် ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် သန်း ၈၀၀ ကျော်ကိုအသုံးပြုပြီး ကျေးလက်ကုန်ထုတ်လမ်း ၁၃ လမ်း ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောသည်။

"ခုလိုမျိုး ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးနေတာဆိုရင် စိုက်ပျိုးရေးတောင်သူတွေ အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနေတာပါ။ ယခင်ကကုန်ထုတ်လမ်းတွေ မရှိတဲ့အခါမှာ စိုက်ပျိုးတဲ့သီးနှံတွေဟာ မိုးဒဏ်၊ လေဒဏ်တွေကြောင့် လေလွင့်မှုတွေနဲ့ ပျက်စီးမှုတွေ ဖြစ်ပေါ်ကြပါတယ်။ အဲဒါကြောင့် ကျေးလက်ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးနေတာပါ။ ကုန်ထုတ်လမ်းရှိတဲ့အတွက် အချိန်မရွေး ထုတ်လုပ်လို့ရပါတယ်။ ဒီလထဲမှာ တင်ဒါလုပ်ငန်းစဉ်တွေပြီးအောင် ဆောင်ရွက်ဖို့မှန်းထားပါတယ်။ တင်ဒါအောင်ကုမ္ပဏီနဲ့ ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

တောင်သူများအကျိုးစီးပွားအတွက် သီးနှံများကို ရာသီမရွေး ထုတ်လုပ်နိုင်ရန်အတွက် ယခုဘဏ္ဍာနှစ် ၆ လ ဘတ်ဂျက်တွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည့် မြို့နယ်များမှာ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာ၊ သပိတ်ကျင်း၊ ပြင်ဦးလွင်၊ ငါန်းဇွန်၊ တောင်သာ၊ မြင်းခြံ၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ မြစ်သားနှင့်ကျောက်ပန်းတောင်း စသည့်မြို့နယ်များရှိ တောင်သူများအတွက် ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁၀-၂၀၂၂ ကြာသပတေးနေ့

## MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ဘောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပညာပြည့်ဝ နလုံးလှ ဂုဏ်အင်ကြီးမားဆရာများ
၀၉:၁၅ NRC အစီအစဉ် 'သဘာဝရဲ့လက်ဆောင် အင်းရဲကျွန်း'
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'တစ်ပြည့်ဝင်အိုး'
၁၃:၃၀ MRTV National News
၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သင်္ချာဘာသာရပ်'
၁၅:၄၅ Soccer View
၁၆:၃၅ မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
၁၇:၁၀ မျက်မှောက်ရေးရာ အဖြာဖြာ
၁၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြ မြန်မာသံတေးအလှ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၁၁)
၂၂:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း 'လှုပ်'

## mitv

07:01 News
07:27 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
07:38 Natural Lake: Fish Breeding Business
07:51 Coin Collectors
08:01 Discovering Tribes: Taung Yoe (Their Life and Customs)
08:23 CHEF LIFE - PHYO ARBIDANS
08:32 Crickets: Seasonal Delicacy & Job Opportunity
08:48 Serene and Happy Rural Life in Myanmar
09:01 Myanmar Social & Charitable Association (Ep-1) Mingalar Byuhar
09:27 Myanmar Big Circular Tray
09:43 Myanmar Traditional Thatched Roofs: Nipa Palm
10:26 Mt. Naw Bu Baw
10:36 Myanmar Masterclass: Artist Than Kywe
11:32 Diary of a Fisherman

## MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စိတ်ညစ်နေတဲ့မာကူ(ပုံပြင်)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
စားလို့ကောင်းတဲ့ရဲယိုရှက်ငါးပေါင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သွေးချင်းတို့ရဲ့ ဆုံဆည်းရာ(အပိုင်း-၁)

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းတောင်တွင် စီးပွားဖြစ်လာသည့် စတော်ဘယ်ရီစိုက်ပျိုးရေး

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ထန်းပင်ပေါ်က တို့ဖေဖေ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
နွဲ့စိုတူပျော်ပီးမြင့်မိုရ်ပွဲတော်

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံရေတံခွန်သို့ အလည်တစ်ခေါက်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

## MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလောန့်'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

## MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ပြင်ဦးလွင်မြို့နယ်တွင် ဗဟုဇနသုခဆုတောင်းပြည့်စေတီတော်နှင့်သုံးထပ်သမ္မတ ဗုဒ္ဓဓမ္မဗိမာန်တော်ကြီးဖွင့်လှစ်



ရန်ကုန် အောက်တိုဘာ ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာတွင် တည်ဆောက်ပြီးစီးခဲ့သော ဗဟုဇနသုခဆုတောင်းပြည့်စေတီတော်နှင့် သုံးထပ်သမ္မတဗုဒ္ဓဓမ္မ ဗိမာန်တော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုပ္ပါးမြို့ကုမာရာရာမကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ၊ ရန်ကုန်မြို့ ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလ၊ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့်ဇနီးအဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (ရန်ကုန်မြို့ဗဟန်းမြို့နယ် သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက် မိသားစု)တို့က ဗဟုဇနသုခဆုတောင်းပြည့်စေတီတော်နှင့် သမ္မတ ဗုဒ္ဓဓမ္မဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဗဟုဇနသုခဆုတောင်းပြည့် စေတီတော်နှင့် သုံးထပ်သမ္မတ ဗုဒ္ဓဓမ္မဗိမာန်တော်ကြီးကို အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေက မွေးနေ့မင်္ဂလာအဖြစ် ငွေကျပ်သိန်း ၂၀၀၀ ကျော် အကုန်အကျခံ ဆောက်တည်ပေးခဲ့ပြီး အလှူရှင်မိသားစုနှင့် အလှူဒါယကာ၊ အလှူဒါယိကာမများက သံဃာတော် အရှင်သူမြတ် ၇၅ ပါးတို့အား ဆွမ်းနှင့် သင်္ကန်းပရိက္ခရာများ လောင်းလှူခြင်း၊ ကျေးရွာရှိ အိမ်ခြေ ၄၃၇ စုတို့အား ဒံပေါက်ထုပ်နှင့် ဆန်အိတ်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**အာကာစိုး**

---

*❊ ကျော်ဖုံးမှ*

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက်အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (၂ ရာခိုင်နှုန်း)ထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ်၊ ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၁၀-၂၀၂၂

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၆၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၂၅၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၀၀/၁၅၂၀ ကျပ် | ၁၅၂၀/၁၆၃၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၀၅/၁၅၂၅ ကျပ် | ၁၅၃၅/၁၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၀၅/၁၅၂၅ ကျပ် | ၁၅၅၀/၁၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၅၂၅/၁၅၈၅ ကျပ် | ၁၆၃၀/၁၇၂၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၉၇၇ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၅၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၂၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၇၇၂ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၄၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၂၅၉ | ၁၉၈၇၉၂၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၂၄၉၅ | ၇၈၆၂၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၂၀ | ၅၉၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ - စုစည်းသည်

---

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပညာအလင်းနဲ့ ရှက်လှင့်ကြပါစို့ရဲ့ လူငယ်မျိုးဆက်သစ်တို့

မိုးကေနိုင်

သဘာဝတရားကြီးရဲ့ တန်ဖိုးရှိလှတဲ့ လက်ဆောင်တစ်ခုအဖြစ် တင်စားခြင်းခံရတဲ့ ယနေ့ခေတ်လူငယ်တွေဟာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ခွန်အားတစ်ရပ်အဖြစ်လည်း ဆိုချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ ပြုပြင်ပြောင်းလဲမှုတိုင်းမှာ လူငယ်တွေဟာ အရေးပါလို့ပါ။ နိုင်ငံတစ်ခုရဲ့ အနာဂတ်မျက်နှာစာကို အလင်းဆောင်နေတဲ့သူတွေလို့ သတ်မှတ်မယ်ဆိုရင်လည်း မမှားဘူးပေ့ါ။ လူ့အဖွဲ့အစည်းတစ်ခု တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဟာ လူငယ်တွေနဲ့ အများဆုံးသက်ဆိုင်နေလို့၊ လူငယ်တွေကိုထိန်းကျောင်းပေးနေတဲ့ ကျွန်တော်တို့လို လူကြီးတွေနဲ့ အဓိက သက်ဆိုင်နေလို့ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သတိပေးနေခြင်း တစ်ခုလို့သာဆိုပါရစေ။

## လူငယ်ရဲ့သဘောသဘာဝကို သိနားလည်မှသာ...

စိတ်လိုက်မာန်ပါ လုပ်တတ်တာလည်း ဒီလူငယ်တွေပဲ၊ ခံစားလွယ်၊ ထိခိုက်လွယ်တာလည်း ဒီလူငယ်တွေပဲလေ။ ဘာကြောင့်ဆို လူငယ်ဟာ လူကြီးလောက် မရင့်ကျက်သေးလို့ပါပဲ။ ဒါကြောင့် လူကြီးဘဝနဲ့ ကလေးဘဝအကြား အရွယ်ကိုလူငယ်လို့အကြမ်းဖျင်း သတ်မှတ်ကြတာပေ့ါ။ လူငယ်တွေကို အသက်အရွယ်နဲ့ တိတိကျကျ သတ်မှတ်နိုင်ပါတယ်။ ဒါပေမယ့် တီထွင်ဆန်းသစ်မှုတွေနဲ့ လန်းဆန်းဖျတ်လတ်နေတတ်တာ၊ ရဲရင့်တက်ကြွပြီး အားမာန်အပြည့်နဲ့ ရှိနေတတ်တာ၊ ဘယ်အရာမဆို ဦးဆောင်ဦးရွက်ပြုချင်တာ၊ ကိုယ့်ရဲ့ အရည်အချင်းကို ထုတ်ပြချင်တာ၊ ဘာလုပ်လုပ် တက်တက်ကြွကြွ ရှိတတ်တာ၊ သိချင်တတ်ချင်စိတ်ပြင်းပြပြီး လှုံ့ဆော်နိုင်စွမ်းရှိတာ၊ ခွန်အားသုံးပြီး သူရဲကောင်းဖြစ်ချင်တာ စသည်၊ စသည်... ဒီလို အချက်တွေကို ကိုယ်စားပြုတာဟာ လူကြီးဘဝ ကလေးဘဝတို့နဲ့ ခြားနားတဲ့ လူငယ်ဆိုသူတွေရဲ့ အမူအကျင့်တွေပါပဲ။ ဒီအချက်တွေကို သတိထားနိုင်ရင် လူငယ်တွေအပေါ် စာနာနားလည်စိတ်နဲ့ ဘယ်လိုကိုင်တွယ်သင့်တယ်၊ ဘယ်လို ဦးဆောင်လမ်းညွှန်နိုင်မှုပေးနိုင်တယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။

## အားသာချက် အားနည်းချက်ကို မှန်မှန်ကန်ကန်အသုံးချတတ်မှ...

သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာကို လိုက်ပါစီးမျောကြည့်တော့ ထောင်လွှားမှုမရှိ၊ နှိမ့်ချတတ်ပါလား၊ မာန်စွယ်ကိုချိုး အညတရမျိုးနဲ့ ကြင်နာသနားတတ်ကြသူတွေပါလားဆိုတာ သတိထားမိပါတယ်၊ လွတ်လပ်မှုကို လိုလားပြီး အမှီအခိုကင်းကင်း အကြောက်အရွံ့မရှိ လုပ်ချင်ကိုင်ချင်ကြတာ လူငယ်တွေရဲ့သဘာဝပါပဲ။ တစ်ခါတလေ စိတ်ကူးယဉ်အတွေးနဲ့ စိတ်ကူးယဉ်အိပ်မက်တွေကို အကောင်အထည်ဖော်ချင်နေကြပြန်တာလည်း လူငယ်ရဲ့သဘောပါ။ တချို့က ဆန်းသစ်တဲ့ သဘောတရားနဲ့ အတွေးအမြင်တွေအပေါ်မှာ ထပ်ခါထပ်ခါ ရေရွတ်ရင်းနဲ့ သူတို့ရဲ့စွမ်းအားတွေကို ရယူပိုင်ဆိုင်ချင်တတ်ကြတယ်ဆိုတာ ဂရုပြုမိတယ်။ ဒီစွမ်းအားတွေကို အသုံးချပြီး တော်လှန်ရေးတစ်ရပ်ကိုတောင် ဆင်နွှဲလိုက ဆင်နွှဲအောင်မြင်နိုင်တယ်လို့တောင် အထင်ရောက်ကြတယ်။

ဟုတ်ပါတယ်။ အားသာချက်ရှိသလို အားနည်းချက်တွေလည်း ရှိမှာအမှန်ပါပဲ။ မှန်ကန်တဲ့ အတွေးအမြင်တွေ သဘောတရားတွေ အောက်မှာဆိုရင်တော့ အတိုင်းထက်အလွန်ပေ့ါ။ လူ့အဖွဲ့အစည်းကြီးအတွက် သားရွှေအိုးထမ်းသလိုမျိုးပေ့ါ။ သဘောတရားအမှားနဲ့ အယူမှား၊ အတွေးမှားရင်တော့ လူငယ်တွေသာမက ဒီလူငယ်တွေကိုသာ အားထားရမယ့် လူ့အဖွဲ့အစည်းတစ်ခုလုံး ကမောက်ကမဖြစ်ကုန်ရော။ အယူမှားအတွေးမှားရင် အပြုအမူတွေ အလုပ်အကိုင်တွေပါ မှားတတ်ကြတာ ကြောင်းကျိုးဆက်စပ်မှုသဘောတွေပါပဲ။

## မတူညီတဲ့ ယဉ်ကျေးမှုတွေကြောင့် ပျက်စီးခြင်းသို့ ဦးတည်နိုင်

အယူမှား၊ အတွေးမှားခြင်းဆိုတာ ဘယ်ကစပါသလဲ။ တရစပ်ထိုးဖောက်ဝင်ရောက်လာတဲ့ ပြင်ပယဉ်ကျေးမှုတွေကြောင့် မူလဘူတယဉ်ကျေးမှုတစ်ခုရဲ့ အခြေခံအုတ်မြစ်တွေ ရိုက်ချိုးခံရခြင်းက အစပြုပါတယ်။ မအပ်စပ်တဲ့ အနုပညာ၊ ဝတ်စားဆင်ယင်မှုနဲ့ အရက်သေစာ မူးယစ်ဆေးဝါးအသစ်အဆန်းကအစ သွတ်သွင်းခံရမှုအောက်မှာ မိမိယဉ်ကျေးမှုရဲ့ စံတန်ဖိုးတွေ ဖယ်ကြဉ်ခံရပြီ၊ ယုံကြည်မှုတွေ တန်ဖိုးထားမှုတွေ ယိုင်နဲ့လာပြီဆိုရင်တော့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ သမိုင်းအစဉ်အလာ၊ နိုင်ငံတစ်ခုရဲ့ ဇာတိမာန်ဟာ ပျက်ယွင်းသွားပြီပဲ။

ဘာကြောင့်ပါလဲ။ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုတန်ဖိုးတွေ၊ အမျိုးသားစရိုက်လက္ခဏာတွေ၊ ဓလေ့ထုံးစံတွေ၊ လူမှုရေးစံနှုန်းတွေ ကွဲပြားခြားနားကြလို့သာလျှင်ဖြစ်ပါတယ်။ အရာရာသူ့တန်ဖိုးနဲ့သူပါ။ ကာလံဒေသံကြည့်ရပါမယ်။ အခြေအနေချင်းမတူ ၊ တန်ဖိုးထားပုံချင်းမတူတာကို အချိန်မတန်ခင် တန်းညှိမိလျှင် အပေါင်းလက္ခဏာမဆောင်တဲ့ရလဒ်များသာ တွေ့ရပါလိမ့်မယ်။ ပညာရေးရေခံမြေခံတွေနဲ့ ရင့်ကျက်မှုတွေကိုလည်း ပြန်ငဲ့ကြည့်ရပါမယ်။ ဒီလိုနောက်ခံအကြောင်းတရားတွေ မတူညီဘဲနဲ့ ပြုပြင်ပြောင်းလဲမှုကို အလျင်စလို ရိုက်သွင်းရင် လိုရာပန်းတိုင်မရောက်ဘဲ နှောင့်နှေးတုံ့ဆိုင်းမှု၊ လမ်းချော်မှု၊ အခြေအနေဆိုးရင် ပျက်စီးမှုပျက်သုဉ်းမှုဆီအထိ ဦးတည်သွားနိုင်တယ်ဆိုတာ အထူးသတိပြုဖို့လိုပါတယ်။

ဒီအချက်ဟာ မေးခွန်းထုတ်စရာမလိုတဲ့အချက်ပါ။ မေးခွန်းထုတ်ရမှာက မျိုးဆက်တစ်ခုရဲ့ တည်တံ့မှုအတွက် တာဝန်ယူတာဝန်ခံမှုဆိုတာ ဘယ်မှာလဲ။ ဒီအပိုင်းကိုသာ မေးခွန်းထုတ်ရမှာပါ။ တာဝန်ယူမှုကင်းတဲ့ ရလဒ်ရဲ့နောက်ဆက်တွဲ အနုတ်လက္ခဏာတွေကိုတော့ ပြန်လည်တည့်မတ်ပြုပြင်ဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ တာဝန်ယူမှုအပြည့်နဲ့သာ တက်ညီလက်ညီ ကြိုးစားအားထုတ်ကြရမှာဖြစ်ပါတယ်။

## ယဉ်ကျေးမှုတစ်ရပ်ပျက်ယွင်းခြင်းဆိုတာ...

ယဉ်ကျေးမှုတစ်ရပ် ချည့်နဲ့ဆုတ်ယုတ်ခြင်းဆိုတာ ဘာကိုဆိုလိုပါသလဲ။ လက်တွေ့ဘဝတွေမှာ တွေ့မြင်ကြားသိနေရတဲ့အတိုင်းပါပဲ။ နှိမ့်ချခြင်းဆိုတဲ့နေရာမှာ မောက်မာခြင်းတွေ အစားထိုးလာနေပြီ။ မာနတရားက ရိုသေလေးစားတတ်မှုကို ဖုံးလွှမ်းသွားသလို ချစ်ခင်ကြင်နာမှုသဘောမှာ မုန်းတီးမှုနဲ့ ရိုင်းစိုင်းမှုက နေရာယူလာပြီလေ။ အချင်းချင်း ကိုယ်ချင်းစာနာစိတ်ကို ရှေ့တန်းမတင်တော့သလို ကိုယ့်မိဘဆရာသမား လူကြီးတွေအပေါ်မှာ၊ ဆရာတော် သံဃာတော်မြတ်များအပေါ်မှာတောင် ဂါရဝတရားကို လျစ်လျူရှုတတ်လာကြပြီ။ အဂါရဝမြောက်တဲ့ ရင့်သီးတဲ့စကားလုံးတွေနဲ့ ငြိမ်းအေးမှုကို ပစ်ပယ်တတ်လာကြပြီ။ ကိုယ်ကျိုးကြည့်အတ္တက တိုးသထက်တိုးလာတဲ့အခါမှာ ပရဟိတစိတ်က ပါးသထက်ပါးပြီး သနားညှာတာမှုနဲ့ ကျေးဇူးတရားသိတတ်မှုက ဝေးသထက် ဝေးသွားတဲ့သဘောပါပဲ။

အမှန်ကအမှား၊ အမှားနဲ့အတူ လိမ်လည်လှည့်ဖြားမှု၊ ဒါတွေဟာ ကိုယ်ကျင့်တရား ယိုယွင်းဖောက်ပြန်မှုတွေပါ။ အားလုံးကို မဆိုလိုပါဘူး၊ ကောင်းလွန်းတော်လွန်းတဲ့ လူငယ်တွေလည်းရှိပါတယ်၊ ဒါပေမယ့် တော်တဲ့ကောင်းတဲ့ လူငယ်တွေနည်းပါးလာတာတော့ ငြင်းလို့မရပါဘူး။ ဒါဖြင့် တော်တယ်၊ ကောင်းတယ် ဆိုတာကို ဘယ်ပေတံနဲ့တိုင်းမလဲ၊ ဘယ်အရာကကောင်းပြီး ဘယ်အရာက မကောင်းတာလဲ၊ အကောင်းနဲ့အဆိုး၊ တရားသဘောအရဆိုရင် ကုသိုလ်နဲ့အကုသိုလ်၊ မလုပ်သင့်တာနဲ့လုပ်သင့်တာ ဒီလိုခွဲခြား သိမြင်နိုင်စွမ်းမရှိမှုကအစ လိုအပ်ချက်တွေလိုဖြစ်နေတော့ အများကြီးပြုပြင်ပြောင်းလဲနိုင်ဖို့၊ အပြုအမူ အမူအကျင့်တွေပြောင်းလဲပစ်ဖို့ ပညာပေးသင်ကြားနာယူမှုတွေ များစွာဆောင်ရွက်ရမယ့် အခြေအနေတစ်ရပ်ကို ရောက်နေပြီလို့ဆိုချင်ပါတယ်။

လူငယ်တွေကို လက်ဆင့်ကမ်းပေးမယ့် လူကြီးတွေကိုယ်တိုင်၊ တချို့သော မိဘ ဆရာသမားတွေ ကိုယ်တိုင်မှာ ဒီလိုအားနည်းချက်တွေကို ဒိဋ္ဌဓမ္မတွေ့မြင်တွေ့နေရတာတော့ စိတ်မကောင်းစရာပါ။ ယခုလို အထွေထွေအားနည်းချက်တွေကြောင့်လည်း တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေများစွာ ထိခိုက်ဆုံးရှုံးမှုနဲ့ကြုံတွေ့နေကြရပြီ မဟုတ်ပါလား။

## အသိပညာဖြည့်ဆည်းမှ ပညာပြည့်ဝနှလုံးလှ

ဒီအချက်ကို ဘယ်လိုပြုပြင်တည်ဆောက်ယူကြရပါမလဲ၊ အမှန်နဲ့အမှား၊ အကောင်းနဲ့အဆိုးကို ပိုင်းခြားစိတ်ဖြာ စိစစ်နိုင်စွမ်းဆိုတဲ့ အသိတရား၊ ဆင်ခြင်သုံးသပ်နိုင်စွမ်းတဲ့ အရည်အချင်းနဲ့ ယထာဘူတကျကျ ရင့်သန်တဲ့အတွေးအခေါ်ကို ပေးစွမ်းနိုင်ခြင်းဟာ မှန်ကန်တဲ့ ဘာသာတရားနဲ့ ပညာကိုအခြေခံမှသာ သေချာရေရာမှုရှိပါလိမ့်မယ်။

*စာမျက်နှာ ၂၁ သို့*

✻ **ယဉ်ကျေးမှုတစ်ရပ် ချည့်နဲ့ဆုတ်ယုတ်ခြင်းဆိုတာ ဘာကိုဆိုလိုပါသလဲ။ လက်တွေ့ဘဝတွေမှာ တွေ့မြင်ကြားသိနေရတဲ့အတိုင်းပါပဲ။ နှိမ့်ချခြင်းဆိုတဲ့နေရာမှာ မောက်မာခြင်းတွေ အစားထိုးလာနေပြီ။ မာနတရားက ရိုသေလေးစားတတ်မှုကို ဖုံးလွှမ်းသွားသလို ချစ်ခင်ကြင်နာမှုသဘောမှာ မုန်းတီးမှုနဲ့ ရိုင်းစိုင်းမှုက နေရာယူလာပြီလေ။ အချင်းချင်းကိုယ်ချင်းစာနာစိတ်ကို ရှေ့တန်းမတင်တော့သလို ကိုယ့်မိဘဆရာသမား လူကြီးတွေအပေါ်မှာ၊ ဆရာတော် သံဃာတော်မြတ်များအပေါ်မှာတောင် ဂါရဝတရားကို လျစ်လျူရှုတတ်လာကြပြီ။ အဂါရဝမြောက်တဲ့ ရင့်သီးတဲ့စကားလုံးတွေနဲ့ ငြိမ်းအေးမှုကို ပစ်ပယ်တတ်လာကြပြီ။ ကိုယ်ကျိုးကြည့်အတ္တက တိုးသထက်တိုးလာတဲ့အခါမှာ ပရဟိတစိတ်က ပါးသထက်ပါးပြီး သနားညှာတာမှုနဲ့ ကျေးဇူးတရားသိတတ်မှုက ဝေးသထက်ဝေးသွားတဲ့သဘောပါပဲ**

❖ **ရှေးဘိုးဘွားဘီဘင်လက်ထက်ကတည်းက ခံယူကျင့်သုံးကန်တော့လာခဲ့ကြတဲ့ ခင်ပွန်းကြီးဆယ်ပါး ကန်တော့ခြင်းဆိုတာ ရှိပါတယ်။ အနန္တောအနန္တငါးပါး ဦးထိပ်ထားပြီး ကလေးဘဝကတည်းက ရိုသေလေးစားသမှုနဲ့ ပူဇော်ကန်တော့တတ်ဖို့ အလေ့အထကို ပြန်လည်အသက်သွင်းပေးမှသာလျှင် ကျေးဇူးမကန်းဘဲ ကျေးဇူးသိတတ်တဲ့ လူငယ်တွေဖြစ်လာမှာပါ။ မကောင်းမှုရှောင် ကောင်းမှုဆောင်ပြီး ဖြူစင်တဲ့ စိတ်ထားထားနိုင်တဲ့ အောင်မြင်တဲ့ဘဝတစ်ခုရရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ပါတယ်။ စိတ်ထားတတ်ရင် နှုတ်နဲ့ ကာယကံအလုပ်လည်း ကောင်းလာပြီး လူတော်လူကောင်းတွေ ဖြစ်လာမှာမလွဲဘူး ဆိုတာ နှလုံးသွင်းထားဖို့လိုပါတယ်**

# ချစ်တေးဝေဆာ သီတင်းကျွတ်မင်္ဂလာ တေးဂီတဖျော်ဖြေမှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် အောက်တိုဘာ ၆

“ချစ်တေးဝေဆာ သီတင်းကျွတ်မင်္ဂလာ” တေးဂီတဖျော်ဖြေမှု ပွဲစဉ်(၂)ကို အောက်တိုဘာ ၈ ရက် ည ၈နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းအစီအစဉ်ကို “စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့”၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် သန်းမြတ်စိုး၊ တက္ကသိုလ်လဲ့လဲ့၊ ရွှေယမင်းဦး၊ စန်းလွင်(ဒွါရာဝတီ)၊ ပန်းအိဖြူ၊ အိအိချွန်၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဘုန်းသစ်၊ ဝင်းလဲ့ချယ်ရီ၊ လင်းဝတီသင်းနှင့် မြနန္ဒာတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်မှုကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် အောက်တိုဘာ ၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၆

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၃၅) ကို အောက်တိုဘာ ၈ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်မှ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ယဉ်လက်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ (၈၊၉၊၁၀) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

လူငယ်တွေရဲ့ လှပတဲ့အနာဂတ်နဲ့သာ လူ့လောကကြီးရဲ့သမိုင်းကို ထုဆစ်နိုင်မယ်လို့ ယုံကြည်ပြီးဖြစ်တဲ့အတွက် မနေ့အမြန်ဆောင်ရွက်သင့်တဲ့ ကိစ္စရပ်တွေများစွာရှိမယ်လို့ ယူဆပါတယ်။

လိုအပ်ချက်က အတတ်ပညာအပြင် ပညာပြည့်ဝနှလုံးလှစေမယ့် အသိပညာတွေပါ တိုးပွားဖြည့်ဆည်းပေးရမယ့် အခြေအနေပါ။ အနည်းဆုံးတော့ ပညာသင်ကြားနိုင်ခွင့်နဲ့ သင်ယူလိုတဲ့စိတ်ရှိနေဖို့တော့ လိုအပ်ပါတယ်။ ပညာအခြေခံ အုတ်မြစ်ခိုင်မာနေမှ၊ မပြတ်ဆည်းပူးလေ့လာဖတ်မှတ်အားထုတ်နေမှ၊ ဗဟုသုတလည်း ကြွယ်နေမှသာ တွေးခေါ် စဉ်းစားဉာဏ်နဲ့ ဆင်ခြင်တုံတရားပိုင်ဆိုင်သော အားကိုးထိုက်တဲ့ အသိအတတ်ပညာရှင်တွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

**ကလေးသူငယ်အရွယ်က စပျိုးထောင်မှ အောင်မြင်တဲ့ဘဝကေန်ရ**

**ယခုလိုကာလဟာ ကျွန်တော်တို့နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေ ပြန်လည်ပြုပြင်တည်ဆောက်ရမယ့်အချိန်ကောင်းပါ။ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာလို့ဆိုပြန်တော့လည်း မိမိတို့ ဗုဒ္ဓဘာသာသာသနာကို အခြေမခံလို့ မရပြန်ပါဘူး။ နောင်လာမယ့်မျိုးဆက် အသစ်အသစ်တွေအတွက် ယခုကတည်းက မွေးမြူလေ့ကျင့်ပေးထားကြဖို့ တာဝန်ရှိနေတယ်လို့ မှတ်ယူထားပါတယ်။ ဘယ်လိုမှ မပြုစုမပျိုးထောင်ထားဘဲ၊ မလေ့ကျင့်ထားဘဲနဲ့ အသုံးလိုကာမှ နေရာပေးတာ၊ ရှေ့တန်းတင်တာ မဖြစ်သင့်တဲ့အရာပါ။ ရေကန်အသင့် ကြာအတင့်ဆိုတာ ခက်ခက်ခဲခဲအချိန်ယူပြင်ဆင်လေ့ကျင့်ပြီးမှသာ ပိုပြီးတန်ဖိုးရှိပါတယ်။ ထို့အတွက် ကလေးသူငယ်အရွယ်ကစ လေ့ကျင့်ပျိုးထောင်ပေးထားရပါမယ်။ မှန်ကန်တဲ့ အသိအမြင်တွေ တိုးပွားအောင် အချိန်ယူပုံသွင်းထားရပါမယ်။**

စာရေးသူအမြင်အရတော့ မိသားစုရဲ့ပျိုးထောင်ပေးနိုင်မှုကို မူကြိုသင်တန်းတွေရဲ့ ပျိုးထောင်ပေးနိုင်မှုနဲ့စတင်ပြီး တစ်တန်းတည်းထားစဉ်းစားသင့်တယ်လို့ မြင်ပါတယ်။ ပျိုးထောင်ပေးသူရဲ့ စေတနာ အတွေ့အကြုံ၊ သူတို့ဖြတ်သန်းခဲ့ရတဲ့ ပညာရေးနဲ့ ပင်ကိုအရည်အသွေးတွေအပေါ်မှာတော့ မူတည်တာပေ့ါ။ အသုံးချခံ၊ ကြိုးဆွဲခံမဖြစ်ဖို့ ကိုယ်တိုင်ဝေဖန်စဉ်းစားသုံးသပ်တတ်တဲ့ အရည်အသွေးတွေ ပိုင်ဆိုင်နိုင်အောင်လည်း ဖန်တီးပေးနိုင်ရပါမယ်။ ဘယ်လိုအရည်အသွေးမျိုးရရှိအောင် ရည်မှန်းထားသည်ဖြစ်စေ လူငယ်တွေမှာ အဓိကပိုင်ဆိုင်ရမယ့် ရိုးသားဖြောင့်မတ်မှုကိုတော့ ဘာနဲ့မှမလဲနိုင်တဲ့ အခြေခံ ကိုယ်ရည်ကိုယ်သွေးတစ်ခုအဖြစ် ရိုက်သွင်းထားပါ။

**ရှေးဘိုးဘွားဘီဘင်လက်ထက်ကတည်းက ခံယူကျင့်သုံးကန်တော့လာခဲ့ကြတဲ့ ခင်ပွန်းကြီးဆယ်ပါးကန်တော့ခြင်းဆိုတာ ရှိပါတယ်။ အနန္တော‌အနန္တငါးပါး ဦးထိပ်ထားပြီး ကလေးဘဝကတည်းက ရိုသေလေးစားသမှုနဲ့ ပူဇော်ကန်တော့တတ်ဖို့ အလေ့အထကို ပြန်လည်အသက်သွင်းပေးမှသာလျှင် ကျေးဇူးမကန်းဘဲ ကျေးဇူးသိတတ်တဲ့ လူငယ်တွေ ဖြစ်လာမှာပါ။ မကောင်းမှုရှောင် ကောင်းမှုဆောင်ပြီး ဖြူစင်တဲ့စိတ်ထား ထားနိုင်တဲ့ အောင်မြင်တဲ့ဘဝတစ်ခုရရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်ပါတယ်။ စိတ်ထားတတ်ရင် နှုတ်နဲ့ ကာယကံအလုပ်လည်းကောင်းလာပြီး လူတော်လူကောင်းတွေ ဖြစ်လာမှာ မလွဲဘူးဆိုတာ နှလုံးသွင်းထားဖို့ လိုပါတယ်။**

**(၂၁) ရာစုကျွမ်းကျင်မှုကို ဖြည့်ဆည်းပေးနိုင်တဲ့ မင်္ဂလာတရားတော်**

ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်ခြင်းဟာ ကိုယ်ကျင့်တရားနဲ့လည်း ဆက်စပ်နေတယ်။ ဆိုင်ရာဆိုင်ရာ ကိုယ်စီကျင့်ဝတ်အားလုံး လိုက်နာနိုင်မှသာ ဂုဏ်သိက္ခာရှိတဲ့ လူငယ်နိုင်ငံသားကောင်းတွေအဖြစ် မြင်ရနိုင်တယ်။ ဒီနေရာမှာ ကျေးဇူးရှင် မြတ်စွာဘုရားရှင်ရဲ့ (၃၈) ဖြာ မင်္ဂလာတရားတော်ကို ရင်ထဲနှလုံးသားထဲမှာ စွဲထင်နေအောင် ပြုကျင့်နေရမယ်လို့ဆိုပါတယ်။ အဓိကအကျိုးတရားတွေ အနေနဲ့တော့ လူမိုက်နဲ့ ပညာရှိ ခွဲတတ်လာမယ်။ ပူဇော်ထိုက်သူကို ပူဇော်တတ်လာမယ်။ ပညာတန်ဖိုးနားလည်ပြီး အကျိုးအပြစ်ကိုမြင်တတ်လာမယ်။ ဥစ္စာရဖို့ထက် ကုသိုလ်ရဖို့ တွေးတတ်လာမယ်။ တော်ရာမှာနေတတ်ဖို့နဲ့ ကိုယ်နဲ့သင့်တဲ့ နေရာဒေသကို ရွေးချယ်တတ်လာမယ်။ ကိုယ်နှုတ်ယဉ်ကျေးလာမယ်။ နောက်ဆုံးလူငယ်ဘဝကတည်းက ကိုယ့်စိတ်ကိုယ်ထိန်းချုပ်နိုင်ပြီဆိုရင်တော့ အတိုင်းထက်အလွန်ပေ့ါ။

ဒီအချက်တွေက လူတစ်ဦးချင်းစီမှသည် လောကကြီးတစ်ခုလုံးအတွက် (၃၈) ဖြာ မင်္ဂလာရဲ့ ကျေးဇူးတရားတွေပါ။ ဒါမှသာ မိမိတို့နဲ့ မအပ်စပ်တဲ့ယဉ်ကျေးမှု အနုပညာတွေနဲ့ ရောထွေးရောယှက်စေခြင်းမှ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကာကွယ်နိုင်မှာ ဖြစ်တယ်လို့ မြင်မိပါတယ်။ မင်္ဂလာတရားတော်နဲ့အညီနေနိုင်တဲ့ လူငယ်တစ်ဦးဟာ ယနေ့လူငယ်တွေမှာအထူးလိုအပ်နေတဲ့ (၂၁) ရာစု ကျွမ်းကျင်မှုအရည်အချင်းတွေကို ဖြည့်ဆည်းဖို့ရာလည်း မခက်ခဲနိုင်တော့ပါဘူး။ အထူးသဖြင့်တော့ လူမှုပေါင်းသင်းဆက်ဆံရေး၊ ညှိနှိုင်းပေါင်းစပ်နိုင်စွမ်းနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ခေါင်းဆောင်မှု စတဲ့အဓိကကျတဲ့ (၂၁) ရာစု အရည်အသွေးတွေဟာ ယနေ့မျက်မှောက် အထူးလိုအပ်နေတဲ့ အရည်အသွေးတွေ ဖြစ်နေလို့ပါပဲ။

**အရိပ်ပမာထာဝရ အဖော်ပြုရမယ့်ဓမ္မတရား**

**ပုဂ္ဂိုလ်ထက် ဓမ္မကိုသာ အားကိုးတတ်အောင်သင်ကြားပေးနိုင်တာ၊ လေ့ကျင့်ပေးနိုင်တာ ကျွန်တော်တို့ရဲ့ ဘာသာ သာသနာပါပဲ။ တစ်ခဏသာ အားကိုးရတဲ့ ပုဂ္ဂိုလ်ထက် အရိပ်ပမာ ထာဝရ အားကိုးသင့်တဲ့ မြတ်ဗုဒ္ဓရဲ့ဓမ္မတရားတွေကို ယနေ့ခေတ်လူငယ်တွေရဲ့ ပညာလမ်းကြောင်းတစ်လျှောက်မှာ ထည့်သွင်းစိုက်ပျိုးထားသင့်ပါတယ်။ ပညာရေးမှာတင်မက လုပ်ငန်းခွင်မှာလည်း လူငယ်ဝန်ထမ်းတွေအနေနဲ့ ဘုရားရှင်ရဲ့အဆုံးအမတွေနဲ့ မပြတ်ထိတွေ့နိုင်အောင် အစီအမံတွေ ဖန်တီးထားရှိသင့်တယ်လို့ ယူဆပါတယ်။ ကိုယ်စိုက်ပျိုးထားတဲ့ အပင်ရဲ့အရိပ်ဟာ ကိုယ်နဲ့မကွာ ထက်ကြပ်လိုက်ပါနေတယ်ဆိုတာ လူငယ်တွေရဲ့ နှလုံးသားထဲမှာ စွဲနေအောင် ကြဲချပျိုးထောင်ထားသင့်တယ်ဆိုတဲ့အချက်ဟာ မိမိရဲ့ယုံကြည်ချက်ပါ။**

ဒီယုံကြည်ချက်အတိုင်းလည်း စာရေးသူအနေနဲ့ အရေအတွက်မများလှတဲ့ ဌာနတစ်ခုရဲ့ တာဝန်အရှိဆုံးသူဖြစ်တဲ့အလျောက် ကိုယ်ရဲ့လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတွေကို ဌာနရဲ့စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားရေးအစီအစဉ်များမှာ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ၊ ဘာသာသာသနာနဲ့ပတ်သက်တဲ့ Dhamma talks အစီအစဉ်လေးတစ်ခု ထည့်သွင်းပြီး ကိုယ်သိသလောက် တတ်သလောက် အပတ်စဉ် မျှဝေဆွေးနွေးလေ့ရှိပါတယ်။ ဒီအစီအစဉ်လေးဟာ သေးငယ်ပေမယ့် လူငယ်တွေအပေါ်မှာ သက်ရောက်မှုရှိတယ်၊ ထိရောက်မှုရှိတယ်လို့ ယူဆနိုင်ပါတယ်။ ရှုပ်ထွေးပွေလီမ်တဲ့ ဒီလိုလောကကြီးထဲ နေတတ်ထိုင်တတ်ဖို့၊ အသိအမြင်ကြွယ်ဖို့ မျှဝေပေးရမှာက လူကြီးတွေရဲ့တာဝန်၊ လိုက်နာကျင့်သုံးရမှာက လူငယ်တွေရဲ့တာဝန်ပါ။ ဓမ္မဆိုတဲ့သဘာဝကို နားလည်မှသာ အဓမ္မရဲ့သဘောကို သိလာမှာပေ့ါ။ ကောင်းမှုသဘော၊ အမြဲဟုတ်မှန်နေတဲ့ သစ္စာတရားသဘောတွေကို ဓမ္မအဖြစ် သိနားလည်လာမှသာ ဓမ္မနဲ့အဓမ္မကို ခွဲခြားနိုင်မယ်ဆိုတာ မိမိရဲ့ယုံကြည်ချက်ပါပဲ။

အဆုံးသတ်တင်ပြချင်တာက လူငယ်တွေရဲ့ ကိုယ်ရည်ကိုယ်သွေးကို အားသာချက်အဖြစ် အသုံးမချတတ်ရင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးမှာ အားနည်းချက်တွေအဖြစ် ရင်ဆိုင်ရမယ်ဆိုတဲ့ အချက်ပါပဲ။ သတိထားစေချင်ပါတယ်။ လူငယ်တွေမှာ ပိုင်ဆိုင်ထားတဲ့ သတ္တိနဲ့ ဇွဲတွေကို မလိုတဲ့နေရာမှာ တလွဲအသုံးချမခံရအောင် ဂရုစိုက်စေချင်ပါတယ်။ အောင်မြင်မှုအတွက် အားဆေးတစ်ခွက်ဟာ လူငယ်တွေထံက သာလာသလို ရလာတဲ့အားအင်တွေဟာလည်း လူငယ်တွေအတွက်ပဲ ဖြစ်ရမှာပါ။ ယနေ့ခေတ် လူငယ်တိုင်းဟာ အနာဂတ်ကိုကြိုမြင်ပြီး ငါတို့တစ်ဦးချင်းစီမှာ တာဝန်ရှိနေပါလားလို့ ခံယူတတ်မှသာ မျိုးဆက်သစ်တွေရဲ့ ဘဝဟာ လှပလာမှာပါ။ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံး အေးချမ်းသာယာလာမှာ မလွဲကေန်ပါ...။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ အခြားရုံးသုံးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများကို မြန်မာ ကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Monitor 24"(ViewSonic, Dell)<br>Resolution:1920X1080<br>Interfaces/Ports:VGA X HDMI<br>Audio Speaker | 13 Nos |
| ၂။ | Wire Binding Machine, GBC WireBind W20<br>Max.Paper:125 Sheets (Square Punch)<br>20 Sheets/Punch<br>Auto Edge, Auto Centering<br>Adjustable Features<br>No. of Holes : 34 (3:1 Wire)<br>Wire Binding, A4 | 2 Nos |
| ၃။ | Online UPS(3KVA), Prolink Pro 903 WS,Tower Type, Single Phase | 2 Nos |
| ၄။ | Column Mic | 150 Nos |
| ၅။ | UPS(1250 VA), Power Tree S1250 RP | 1 No |
| ၆။ | Voice Recorder (4GB), Sony ICD-PX470 | 25 Nos |
| ၇။ | Smart TV 65"4K UHD, Samsung | 2 Nos |
| ၈။ | Digital Camera DSLR Oneset, Nikon D-850<br>SD Card (32GB) 95 MB UP,XQD-64GB-R440/w-400<br>Lens, Nikon Nikkor AF-S 28-300mm, f/3.5-5.6G ED VR Lens<br>UV Filter (77 mm)<br>Flash Gun, Godox V860IIN<br>Godox Ving V860IIN TTL Li-ion Battery VB18 Rechargeable (2Nos)<br>Flashkit for Nikon | 1 No |
| ၉။ | Synology Disk Station Storage Server<br>DS918+, Synology 4 bay NAS Disk Station, 8GB Ram, With WD Red<br>NAS 2TB HDD x 4 with Upgrade Setup | 1 No |
| ၁၀။ | Fresh Dehumidifier HD 1200, Midea MDDP-30DEN1-QA3 | 3 Nos |
| ၁၁။ | Air Conditioner (2HP Split Type, R410a, Inverter Type), Chigo Outdoor Unit, Indoor Unit, Frame, Copper Pipe (10ft), Safeguard 25A | 2 Nos |
| ၁၂။ | Air Conditioner (1.5HP Split Type, R410a, Inverter Type), Chigo Outdoor Unit, Indoor Unit, Frame, Copper Pipe (10ft), Safeguard 25A | 2 Nos |
| ၁၃။ | Digital Camera with Lens 18-140mm(kit),Nikon D7500<br>Sensor Type:CMOS,<br>Sensor Size:23.5x15.6mm<br>Shutter Speed:1/8000 to 30 Second, Viewfinder Eye Point: 18.5mm,<br>Viewfinder Magnification:Approx. 0.94x<br>Monitor Size: 3.2",<br>Memory Card Slot: SD/SDHC/SDXC<br>Battery: EN-EL15a Rechargeable Lithium-ion<br>Memory Card: 16GB(2 Pcs) | 10 Nos |
| ၁၄။ | SORTER, Fujifilm Frontier Sorter SU1400-R for Fujifilm Frontier LP570R | 1 No |
| ၁၅။ | Online UPS (10KVA), Prolink Pro 810 QS, Tower Type, Single Phase | 1 No |
| ၁၆။ | Desktop Computer, HP<br>Window 10 Home License<br>10th Generation Intel Core i7-10700 Processor<br>(2.9 GHz up to 4.8GHz, 16MB Cache)<br>8GB DDR4 Memory, 1TB HDD,<br>NVIDIA Graphic 4GB, HDMI, DVD R/W,<br>Keyboard & Mouse, UPS 650VA | 15 Nos |
| ၁၇။ | Laser Printer (A4/Legal), Canon LBP 2900<br>2400 x 600 dpi, 12 ppm | 11 Nos |
| ၁၈။ | Scanner (A4), Epson V39<br>4800 x 4800 dpi | 10 Nos |
| ၁၉။ | Projector with Tripod Screen (84"x 84"), Acer P5330W<br>Lumens 4500<br>contrast Ratio 100000:1<br>Resolution: Max 1280 x 800<br>Lamp Life: 20000/ 15000 hours | 6 Nos |
| ၂၀။ | Laptop, HP<br>Window 10 Home License<br>Intel Core i7 (10th Gen)<br>8GB DDR4 Memory, 1TB HDD,<br>Nvidia MX250-2GB Graphics<br>(15.6") Diagonal SVA anti-glare<br>LED-banklit, (1366 x 768) | 10 Nos |
| ၂၁။ | Laptop Core i7, Dell<br>CPU : Intel Corei i7 Processor 10th Gen<br>GRAPHICS: NVIDIA GeForce GTX 1050<br>RAM : 16 GB<br>SCREEN : 15.6''<br>RES: FHD- 4K UHD 3840 x 2160 px<br>STORAGE: 1 TB SSD<br>Extra graphic card | 1 No |
| ၂၂။ | Color Printer (Inkjet) A3, Epson L1800<br>Printer Speed : Up to 15 ppm/15 ppm (Black/Color)<br>Printer Resolution : 5760 x 1440 dpi<br>Interface : USB 2.0, 6 color | 7 Nos |
| ၂၃။ | Document Scanner (A3), Epson DS 50000<br>Optical Resolution 600 x 600 dpi<br>Output Resolution 50 dpi- 4800 dpi | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈-၁၀-၂၀၂၁)ရက်မှ (၅-၁၁-၂၀၂၁)ရက်အထိ နေ့စဉ်(၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀,၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည် -

၃။ အိတ်ဖွင့်တင်ဒါများကို (၅-၁၁-၂၀၂၁)ရက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။


၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉၊
- အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၂၃၉၀
- အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀

News and Periodicals Enterprise
NPE
Myanmar Digital News
နောက်ဆုံးရပြည်တွင်းနှင့်နိုင်ငံတကာ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ပြီး
မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light Of Myanmar နေ့စဉ်ထုတ်
သတင်းစာ (၃)စောင်ကို အွန်လိုင်းကနေ အလွယ်တကူ ဖတ်ရှုနိုင်ပြီ။
www.mdn.gov.mm
website App Store Google Play

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန်ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်နယ်အစိုးရအဖွဲ့ရုံး
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၂၀၂၁ခုနှစ်အောက်တိုဘာလ မှ ၂၀၂၂ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး RC(၂)ထပ် Phase(1)၊ အုတ်ခြံစည်းရိုးနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလိုင်စင်ရလုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့)
(ခ) တင်ဒါပိတ်မည့်ရက် - ၄-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့)
(ဂ) တင်ဒါပိတ်မည့်အချိန် - ညနေ ၄:၃၀နာရီ
(ဃ) ဆက်သွယ်ရမည့် ဖုန်း - ၀၅၇-၂၄၉၇၃၊ ၀၅၇-၂၄၇၃၀

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး**
**မော်လမြိုင်မြို့**
ဖုန်း-၀၅၇-၂၄၉၇၃၊ ၀၅၇-၂၄၇၃၀

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သထုံငါးလုပ်ငန်းစခန်းနှင့် ကျိုက်ထိုမြို့နယ်တို့တွင် အောက်ဖော်ပြပါ Lot များအတိုင်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot1
(၁) အစာဂိုဒေါင်ဆောက်လုပ်ခြင်း ပေ(၃၀x၂၀x၁၁)
(၂) ငါးကန်ကျောက်စီနံရံပြုလုပ်ခြင်း ပေ(၃၁၀x၇)
(၃) ငါးကန်ကျောက်စီနံရံပြုလုပ်ခြင်း ပေ(၄၆၄x၇)

(ခ) Lot2
(၁) ငါးကန်ကျောက်စီနံရံပြုလုပ်ခြင်း ပေ(၃၈၄x၇)
(၂) ငါးကန်ကျောက်စီနံရံပြုလုပ်ခြင်း ပေ(၃၂၀x၇)
(၃) ဗလက်မ ရေသွင်းရေထုတ်ပြွန်ပြုလုပ်ခြင်း ပေ ၂၀၀
(၄) သထုံငါးလုပ်ငန်းစခန်းခြံစည်းရိုးကာရံခြင်း (၅၇၃)ပေ

(ဂ) Lot3
ကျိုက်ထိုမြို့နယ်ဝန်ထမ်းအိမ်ရာခြံစည်းရိုးကာရံခြင်းနှင့်မြေကာနံရံပြုလုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၇-၁၀-၂၀၂၁ရက် မှ ၁၈-၁၀-၂၀၂၁ရက်အထိ
(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၂၂-၁၀-၂၀၂၁ရက် ညနေ ၄နာရီ
(ဂ) တင်ဒါရွေးချယ်မည့်နေရာ - မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၊ မော်လမြိုင်မြို့

၃။ တင်ဒါလျှောက်လွှာများကို မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၌ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးဖုန်း-၀၅၇-၂၀၂၄၇၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းအောင် ၁၁/ရသတ(နိုင်)၀၆၄၇၆၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ ဖုန်း-၀၉-၉၆၇၁၀၄၄၉၈

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အားကစားပစ္စည်း (၁၆)မျိုးနှင့် CCTV 16 Channal Package (၁)စုံ (ကြိုးအပါအဝင်) ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၇-၁၀-၂၀၂၁ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၈-၁၁-၂၀၂၁ရက် ညနေ ၄:၃၀ နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာ - ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)

၃။ အသေးစိတ်သိရှိလိုပါက ဒုတိယပါမောက္ခချုပ်(ရုံး) ဖုန်း-၀၉-၉၇၁၄၈၄၀၀၂၊ ၀၉-၈၉၆၄၂၂၄၁၇ နှင့် ဘဏ္ဍာဌာန၊ ဖုန်း-၀၉-၄၀၀၀၄၃၉၆၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၃)တည်ဆောက်ရေး၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ရက်အထိ (၆)လဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့်အောက်ပါလုပ်ငန်းအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် တမံအုတ်မြစ်ပြုပြင်ရန် စိန်လွန်တွင်းတူးဖော်ခြင်းလုပ်ငန်း ပေ (၁၂၀၀၀)နှင့် ဘိလပ်မြေဖိသွင်းခြင်းနှင့် ရေစိမ့်နှုန်းတိုင်းတာခြင်းလုပ်ငန်း ပေ (၁၀၃၅၀) (Tender No.04/DHPI (P&W)/2021-2022) (Mini Budget)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၁)ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face Shield) များဝတ်ဆင်၍ လာ ရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည် -

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၁၀-၂၀၂၁ရက်မှ ၁၅-၁၀-၂၀၂၁ရက်ထိ
တင်ဒါပုံစံရောင်းချမည့်အချိန် - ရုံးဖွင့်ရက် ၁၃:၀၀ နာရီမှ ၁၄:၃၀ နာရီအတွင်း
တင်ဒါပုံစံရောင်းချမည့်နေရာ - ရုံးအမှတ် (၂၇)၊ ရှေ့အဝင်ဂိတ်
တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် ရက် အချိန်၊ နေရာ - ၈-၁၁-၂၀၂၁ရက်၊ ၁၃:၀၀နာရီ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ (ရုံးအမှတ်-၂၇)၊ (၃)ထပ်ဆောင်၊ ရုံးသစ်၊ နေပြည်တော်

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/2697 Kyaw Kyar L/T (CKK-1) P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၂/စခန (နိုင်)၀၇၀၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်မှ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အမှတ်(ပ-၂၃၃၇၃)၊ ဦးမောင်မောင်မြင့် ၁၂/ဥကမ(နိုင်) ၀၉၀၄၀၉(ဘ)ဦးလှမောင် အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးရွှေကြိုင် ၇/ညလပ(နိုင်) ၁၃၂၂၄၀(ဘ)ဦးသန်းရွှေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲ စာအမှတ်(၂၄/၂၀၁၈)တင်ပြ၍ ဒေါ်ငွေငွေသွယ် ၁၀/မလန(နိုင်) ၁၃၉၈၁၄နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်နေ ဦးအေးလွင်-ဒေါ်သန်းငွေတို့၏သား မောင်ထင်လင်း ၇/သကန(နိုင်)၁၀၁၇၆၈အား ၂၇-၄-၂၀၁၇ရက် မြန်မာ့အလင်းသတင်းစာတွင် သားအဖြစ်မှ စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအေးလွင်-ဒေါ်သန်းငွေ**

## ပျောက်ဆုံးကြောင်း

ဦးလွင်ဦး ၁၀/ကမရ (နိုင်)၀၄၉၅၂၀ ကိုင်ဆောင်သူ ပိုင်ဆိုင်သော မော်တော်ယာဉ်များဖြစ်သည့် CC/6082 TOYOTA COROLLA EE 103, AA/6399 TOYOTA COROLLA EE 103နှင့် 6D/6428 TOYOTA Caldina ET 196 တို့၏ အခွန်စိမ်းစာရွက်များသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးလွင်ဦး**
**၁၀/ကမရ(နိုင်)၀၄၉၅၂၀**
**ဖုန်း-၀၉-၅၀၈၆၇၅၃**

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (ဖြလဘတ်ဂျက်)အတွင်း ဆောင်ရွက်မည့် အောက်ပါ ပစ္စည်းနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ
အတွက် လိုအပ်သော ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများအား Item အလိုက် ဝယ်ယူရန်

(ခ) နေပြည်တော် ဇမ္ဗူသီရိမြို့၊ ၃၃/၁၁ ကေဗွီခွဲရုံ အမှတ် (၃)မှ လွှတ်တော် အထိ ၃၃ ကေဗွီ SAC လိုင်းနှင့် ၃၃ ကေဗွီ အမှတ် (၁)မှ သမ္မတနှင့် သမ္မတအိမ်တော်များ၊ ဝန်ကြီးနှင့် ဒု-ဝန်ကြီးအိမ်တော်များသို့ 11 KV Alternative ဓာတ်အားပြန်ပေး နိုင်ရေးအတွက် 11 KV Double Circuit SAC Line များ တည်ဆောက်ရန်အတွက် ဓာတ်အားလိုင်းဆက်စပ် ပစ္စည်းများအား Lot အလိုက် ဝယ်ယူရန်

(ဂ) မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကျိုက်ထိုခွဲရုံ၌ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ခွဲရုံ (၁)ရုံ တိုးချဲ့တည်ဆောက်ခြင်း

**တင်ဒါပိတ်မည့်ရက်** - ၈-၁၁-၂၀၂၁ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
## စီးပွားရေးရာဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အမှိုက်ပုံး ဝယ်ယူခြင်း၊ အမှိုက်သိမ်းယာဉ်/ရေပုပ်စုပ်ယာဉ်/ River Cleanner ဝယ်ယူခြင်း၊ ရုံးသုံး စက်ကိရိယာဝယ်ယူခြင်း၊ မော်တော်ယာဉ် အကြီးစား ပြင်ဆင်ခြင်း၊ ရေပေးရေးလုပ်ငန်း၊ လမ်းမီးထွန်းညှိခြင်း၊ မြေယာရှင်းပြုပြင် ထိန်းသိမ်းခြင်း၊ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်း များအား အိတ်ဖွင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင် ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၂၁ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၂-၁၀-၂၀၂၁ရက် ညနေ ၄:၃၀နာရီထိ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ကယားပြည်နယ် စည်ပင်သာယာရေး အဖွဲ့ရုံး

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ (ဖုန်း-၀၈၃-၂၂၂၂၀၂၆၊၀၈၃-၂၂၂၁၆၈၇)တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီရီထွေး၏သမီး မဖြိုးပြည့်ပြည့်သူ ၁၂/သကတ (နိုင်)၂၀၃၀၀၅သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် ပြုမူဆောင်ရွက်ခြင်းကြောင့် ယနေ့မှစ၍ သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၆၅၉၃၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ် ၂၆

| | | |
|---|---|---|
| ဒေါ်စိုးအေး | နှင့် | ဦးစောကျော်မြ |
| **တရားလို** | | **တရားပြိုင်** |

သာစည်မြို့နယ်၊ ဘုရားငါးဆူကျေးရွာ၊ ကျွဲတပ်ဆုံကျေးရွာအုပ်စုတွင် နေထိုင်သူ ဦးစောကျော်မြ(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိုးအေး ကလင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ ၍ဖြစ်စေ ၂၀၂၁ခုနှစ် အောက်တိုဘာ ၁၈ရက် (၁၃၈၃ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါ ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် အောက်တိုဘာ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းတန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာစည်မြို့နယ်တရားရုံး**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်းသစ်လုံး/သစ်မာသစ်လုံးများကို ONLINE စနစ်ဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၅-၁၀-၂၀၂၁ရက်နှင့် ၂၈-၁၀-၂၀၂၁ရက် နံနက် ၉:၃၀နာရီ
**ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
- ရန်ကုန်(ကျွန်းသစ်လုံး)(၁၀၀၀)တန်၊ (၂၀၁၉-၂၀၂၀)ထုတ်သစ်
- သစ်မာသစ်လုံး(နယ်/ရန်ကုန်) (၈၄၀၀)တန်ခန့်(၂၀၁၉-၂၀၂၀)ထုတ်သစ် တွင် ပျဉ်းကတိုး/ အင်/ကညင်/စကားဝါတို့ပါဝင်သည်။ (၂၀၂၀-၂၀၂၁)ထုတ် သစ်တွင် ကညင်/ သစ်ယာ/ အင်ကြင်း တို့ပါဝင်သည်။ (နယ်/ရန်ကုန်)(၂၂၄)တန် အင်/ကညင်(မျောတိုင်သစ် ဖုံတို)
- ကျွန်းခွဲသား(ပြည်ပရောင်း)(၄၀၀)တန် ခန့် (၅၆၆)CBM
- ကျွန်းခွဲသား(သစ်အခြေခံ)(၅၅)တန်ခန့် (၇၈)CBM၊
တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။

(ခ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Web-siteဖြစ်သော www.mte.com.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်- Ph;09-5132242, 09-5053865, 09-5129148 dgmmarketing.export@gmail.com

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် (၄၅၀)၊ ဧရိယာပေ (၄၀x၆၀)ရှိ ဦးဘစောအမည်ပေါက် ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမွေဆက်ခံ ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီစော ၁၂/စခန (နိုင်)၀၂၆၆၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းစံဆိုင် ၁၂/ကတတ(နိုင်)၀၂၁၉၁၂၈ က အပြီးပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက် နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်းအိမ်၊ ခြံ၊ မြေအကျိုးဆောင် ကုမ္ပဏီလီမိတက်၊ ပင်လုံလမ်းမကြီး (ကျောင်းလမ်းမှတ်တိုင်)၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ တောင်သရက်လမ်း၊ မြေကွက်အမှတ် ( ၄၄၀ )၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်သန်း ( ၃/ ဘအန (နိုင်) ၀၁၀၈၆၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.I.L, D.M.L,** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)** |

**Hein Htet San Law Firm** ဖုန်း - ၀၉၅၅၀၆၁၃၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆
**အမှတ် (၄၃)၊ ဟံသာဝတီ (၂၂)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/1542 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၉၂၅)၊ ဧရိယာ (၀ဒသမ၀၈၂)ကေရှိ ဦးတင်လေး အမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့်ထုတ်ပေးပါရန် ဦးတင်လေး (ကိုယ်စား) ဦးနေဝင်း (ဘ)ဦးသာမောင် ၉/ပမန(နိုင်)၁၀၉၀၄၆မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ဒက္ခိဏခရိုင် တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၀၀၆/၂၀၂၁) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာမှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေပေးမိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/မြောက်)ရပ်ကွက်၊ ရတနာပုံ (၅) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြောက်)၊ မြေကွက်အမှတ် (၃၈၂/ခ)၊ မြေအကျယ် အဝန်း ပေ (၂၀x၆၀)ရှိ ပါမစ်မြေကွက်အနက်မှ ပေ (၁၀x၆၀)သည် မြို့မြေစာရင်းတွင် ဦးကျော်အေး အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်ကွယ်လွန်ပြီး ၎င်း၏အမွေဆက်ခံခွင့်ရှိသူများထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေကျပ်တစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှခိုင် (စဉ်-၂၃၃၈၀)
အထက်တန်းရှေ့နေ
အမှတ် (၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၄၉၇၆၃

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၁ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဦးအောင်ဇင်မင်း | နှင့် | ဦးလိုင်းခမ်း(ခ)ဦးစိုင်းခမ်း |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်စွဲပါ လားရှိုးခရိုင်တရားရုံးတော်မှ တရားမကြီးမှုအမှတ် - ၄၀/၂၀၁၉ ကိုအယူခံမှု။

အယူခံတရားပြိုင် (ယခင်လိပ်စာ) လားရှိုးမြို့၊ ရပ်ကွက် (၈)၊ နယ်မြေ (၇)၊ သီတာလမ်း၊ အမှတ် (၇/၄၀) (ယခုလိပ်စာမသိ)နေ ဦးလိုင်းခမ်း(ခ)ဦးစိုင်းခမ်း သိစေရမည်။

ယခုအမှုတွင် လားရှိုးခရိုင် တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၈ ရက် (၁၃၈၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီ ရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထား သည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ကာလ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြင်ပလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြ ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၁၀-၂၀၂၁ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်** - ၄-၁၁-၂၀၂၁ရက် (ကြာသပတေးနေ့) (၁၅:၃၀)နာရီ
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်** - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၀၈၁-၂၀၆၇၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(က)၊ မြေကွက်အမှတ် (၄၈၀-က)၊ အကျယ် အဝန်း ပေ(အလျား ၂၀xအနံ ၆၀)၊ စတုရန်းပေ ၁၂၀၀ ရှိ အိမ်အမှတ် (၃၁၇-က)ဟုခေါ်တွင်သော ဦးစိုးဝင်း အမည်ပေါက် နှစ် ၆၀ ဂရန် မြေအမျိုးအစား မြေကွက်၊ အိမ်အမှတ် (၃၁၆-ခ)၏ အကျယ်အဝန်း (အလျား ၈ပေxအနံပေ ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှစ်ကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိ သည်ဟု ဝန်ခံကတိပြုသူ ဦးစိုးဝင်း ၁၂/ထတပ(နိုင်)၀၀၁၈၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေမင်းထွန်း ၇/သနပ(ပြု)၀၀၂၄၄၈က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော သက်သေအထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းအေး (LL.B, WIPO)**
**အထက်တန်းရှေ့နေ (စဉ်-၃၀၇၀၀/၂-၆-၂၀၀၉)**
**အမှတ် (၁၀)၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၅၁၂၀၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၇၃၄/ က)၊ ဦးဝင်းရွှေ(BF-၀၆၂၅၀၈) အမည်ပေါက်ပါမစ်မြေဧရိယာ(အလျား ပေ ၂၀ x အနံ ပေ ၆၀)အနက်မှ (အလျား ၁၀ ပေ x အနံ ပေ ၆၀) ဘေးမြေပိုပါရှိ အိမ်မြေအား လက်ရှိပါမစ်မူရင်း စာရွက်ပိုင်ဆိုင်သူ ဦးမင်းအောင် ၁၂/ဒဂတ(နိုင်)၀၅၃၆၈၆ထံမှ ဒေါ်လှယမင်းတင် ၈/တတက(နိုင်)၁၀၁၁၂၃သည် (၂၆-၉-၂၀၂၁)ရက်တွင် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်မူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ပါ အိမ်မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှယမင်းတင် ၈/တတက(နိုင်) ၁၀၁၁၂၃**
**(ဖုန်း-၀၉-၇၇၅၆၆၄၂၇၊ ၀၉-၄၂၂၉၇၃၈၈၄)**
**အမှတ်(၁၈၅)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၄၉ လမ်း၊ တိုက်အမှတ် (၉၁/၁၀)၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အိရွှေစင် ၁၂/သလန(နိုင်)၁၁၆၃၂၆ထံမှ ကျွန်တော် ရမ်မုနီ ၇/ဖမန(နိုင်)၀၉၈၆၆၄သည် အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း တိကျခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ရမ်မုနီထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုရမ်မုနီ(ခ)ကိုသူရိန်**
**ဖုန်း-၀၉-၄၂၀၁၈၆၈၈၃၊ ၀၉-၅၃၉၀၄၂၃၊ ၀၉-၇၈၈၂၂၄၄၉၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်-မြခွာညို အိမ်ရာ၊ မြေတိုင်းရပ်ကွက် အမှတ်(၇/အနောက်)၊ မြေကွက်အမှတ်(၂/ဠ)၊ အကျယ် အဝန်း ( ၆၅ပေ x ၇၇' ၆''ပေ)၊ (၅၀၃၇)စတုရန်းပေ၊ (၀ဒသမ၁၁၆)ကေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၂/ဠ)၊ နှင်းဆီလမ်း၊ (၇/အနောက်) ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနတွင် ဦးရွှေလှိုင် ၁၂/လမတ(နိုင်)၀၂၂၆၁၆အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ရောင်းသူ ဦးရွှေလှိုင်မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ကြောင်းဝန်ခံပြီး ရောင်းချလို ကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာ ချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဂွါအားဝူ ၁/မကန(နိုင်) ၁၉၉၇၉၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

(ဖုန်း-၀၉-၄၄၉၀၃၈၇၃၃)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/9431 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7P/4185 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/9825, Honda FitGD1 Hatch back(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၁၂/ဗတထ(နိုင်)၀၃၅၂၀၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/5184, Yuton ZK 6127H, Bus ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းထွန်း ၉/မခန(နိုင်)၁၉၅၂၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7C/9499, Toyota Mark II ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၁၃/ညရန(နိုင်)၀၅၁၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၀-၂၀၂၁ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၃၁)ပါ ကန့်ကွက်ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဖေယျာ(၁၄)လမ်း၊တိုက်အမှတ်(၄၄၇၁) အစား တိုက်အမှတ်(၄၄၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရှေ့နေ- ဒေါ်မေသူသူအောင်
(စဉ်-၅၀၅၁၃)(၃၀-၁၁-၂၀၁၈)
အထက်တန်းရှေ့နေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8931, HTOO Kyaw Light Truck (P/U) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၂/ဥကမ(နိုင်)၀၈၂၆၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့


## Specific Procurement Notice
## Request for Bids
## Goods
## (Two–Envelope Bidding Process)

Country: Myanmar
Name of Project: RURAL ELECTRIFICATION
Contract Title: Supply, Installation and Maintenance of Solar PV Systems for Households and Public Facilities
RFB Reference No.: NCB S&I–DRD–4

1. The Department of Rural Development, Ministry of Cooperatives and Rural Development now invites sealed Bids from eligible Bidders for supply, installation and maintenance of solar PV Systems for households and public facilities in the following Regions:
   Lot 1– Solar PV Packages in Rakhine (6)
   Lot 2– Solar PV Packages in Shan North (7)
   Lot 3– Solar PV Packages in Shan East (6)
   Lot 4– Solar PV Packages in Ayeyarwaddy (11)
   The Contracts will be financed by the Republic of the Union of Myanmar.
2. For quick reference, some key qualification requirements include: The average annual turnover (or annual sales volume) of the last five years should be a minimum of MMK 599 million for Lot–1, MMK 1460 million for Lot–2, MMK 963 million for Lot–3 and MMK 5,763 million for Lot–4 or higher which varies by lot and is cumulative if bidding for multiple lots.
   The bidder has successfully completed at least two (2) contracts in supplying, installing, supervising, commissioning and/or maintaining off–grid solar PV systems with batteries, in any year over the last five (5) years, and total ammount of the two (2) contracts had a value equivalent to or greater than 50% of the corrected Bid Price and each of the two contracts must have a value of not less than 10% of the corrected Bid Price.
   The details of the qualification requirements are in the bidding document.
3. Bidding will be conducted through the National Competitive Bidding (NCB) procedures as specified in the Republic of the Union of Myanmar President's Office Directive No. 1/2017 dated April 10, 2017, Tender Procedures to be followed by Government Departments and Organizations in Construction, Purchase, Procurement of Services, Lease and Sale. In addition, please refer to paragraph 4 setting forth in the President's Office Directive policy on conflict of interest.
4. Interested eligible Bidders may obtain further information from the address below and inspect the bidding document during office hours 10.00 a.m. to 4.00 p.m. at the address given below.
5. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through e-mail only. In case of any difficulty in obtaining the bidding documents, interested parties may contact in writing:
   Dr. Soe Soe Ohn, Director
   Department of Rural Development, Ministry of Cooperatives and Rural Development.
   Office No. 36, Pandita Road, Oattara Thiri Township, Naypyitaw,
   Country: Myanmar
   Tel./Fax +95 673 418635, 418636
   Email: ksaung@gmail.com; dr.soesoeohn@gmail.com; drdnep.procurement@gmail.com
6. Bids must be delivered to the address below on or before November 22, 2021 (10.00 a.m.) Myanmar time. Electronic Bidding will not be permitted. Late Bids will be rejected. The outer Bid envelopes marked "Original Bid", and the inner envelopes marked "Technical Part" will be opened at the address below on November 22, 2021 (10.00 a.m.) Myanmar time. All envelopes marked "Second Envelope: Financial Part" shall remain unopened and will be held in safe custody of the Purchaser until the second public opening.
7. All Bids must be accompanied by a Bid Security" as stated in ITB 19.1 – Bid Data Sheet of the Bidding Document.
8. The address referred to above is :
   Attention: Dr. Soe Soe Ohn,
   Director of Department of Rural Development,
   Department of Rural Development,
   Ministry of Cooperatives and Rural Development.
   Office No. 36, Pandita Road, Oattara Thiri Township,
   Naypyitaw,
   Country: Myanmar
   Tel /Fax: +95 673 418635, 418636
   ksaung@gmail.com, dr.soesoeohn@gmail.com, drdnep.procurement@gmail.com.
9. Clarification of the bidding document will be conducted through e–mail or letter to the Purchaser as stated in ITB 7 of the bidding document.

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးဝီရှားလ် ၈/မကန(ပြု)၀၀၀၀၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်ကွက် (စီ)အုပ်စု၊ သစ္စာလမ်း၊ မြေကွက်အမှတ် (၄၉၁) (ကွင်းအမည်-ကန်သာ၊ ကွင်းအမှတ် (၁၆) ဦးပိုင်အမှတ် (၄၆၁)၊ ဧရိယာဧက ၀ဒသမ ၆၇ အကျယ်အဝန်းရှိ ဦးကျော်စိုးအမည်ပေါက် ပါမစ်မြေကွက်ဖြစ်သည်။ အဆိုပါပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်ဌေးအောင် ၈/ရနခ(နိုင်)၀၁၅၄၃၀ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်လင်းဦး (စဉ်-၁၀၄၂၁)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၄၂၄)၊ (၇)လမ်း၊ အောင်မေတ္တာ (ခ)ရပ်ကွက်၊ မကွေးမြို့၊
ဖုန်း-၀၉-၄၃၀၇၁၇၃၇

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လမ်း၊ ကားပါကင်နှင့် မြေယာရှုခင်းပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** | - | ၇-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း) |
| (ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး** ရောင်းချမည့်ရက် | - | ၂၂-၁၀-၂၀၂၁ရက် (သောကြာနေ့) ညနေ ၁၆:၃၀ နာရီအထိ |
| (ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** | - | ၅-၁၁-၂၀၂၁ရက် (သောကြာနေ့) ညနေ ၁၆:၃၀နာရီအထိ |
| (ဃ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ် (၅၇)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၄၅၆၉၂၁၇နှင့် ၀၉-၇၈၅၇၁၁၄၀၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၇-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း) |
| (ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - | ၂၂-၁၀-၂၀၂၁ရက် (သောကြာနေ့)ညနေ ၄:၃၀နာရီအထိ |
| (ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၅-၁၁-၂၀၂၁ရက် (သောကြာနေ့)ညနေ ၄:၃၀နာရီအထိ |
| (ဃ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၅၇)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၄၅၆၉၂၁၇၊ ၀၉-၇၈၅၇၁၁၄၀၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာတက္ကသိုလ် (စစ်ကိုင်း)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ Non Control Item (Sport Equipment) (၃) မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၇-၁၀-၂၀၂၁ရက် ရုံးချိန်မှစ၍ ဤနည်းပညာတက္ကသိုလ်တွင် ရောင်းချမည် ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၂၁ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် ပစ္စည်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင် P.O (Payment Order) ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ဤတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ဆောင်ရွက်ပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ P.O (Payment Order) မူရင်းကို ဤတက္ကသိုလ်၏ ဘဏ္ဍာရေးဌာနသို့ အပ်နှံရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၆၆၈၆၄၆၅ ဘဏ္ဍာရေးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ တင်ဒါဖွင့်ဖောက်မည့်အချိန်နှင့် နေရာများကို ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(စစ်ကိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံမီးသွေး(Petroleum Coke )ရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ရေနံမီးသွေး(Petroleum Coke)များကို စက်ရုံရှိ လက်ကျန်(Stock) အခြေအနေပေါ်မူတည်၍ လစဉ်ပြောင်းလဲသတ်မှတ်သော ရောင်းဈေးနှုန်းဖြင့် လွတ်လပ်စွာရောင်းချပေး မည်ဖြစ်ပါ၍ မည်သူမဆို ညွှန်ကြားရေးမှူး (ကုန်ထုတ်)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ တိုက်ရိုက်လျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ ရေနံမီးသွေးဝယ်ယူခွင့် လျှောက်လွှာများကို လစဉ်လဆန်း(၁)ရက်မှ (၁၀)ရက်နေ့ (ရုံးဖွင့်ရက်)အတွင်း လက်ခံမည်ဖြစ်ပါသည်။

၃။ ရောင်းချမည့်ပုံစံနှင့် စည်းကမ်းချက်အသေးစိတ်တို့အား သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website(www.moee.gov.mm)သို့ ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန(ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၉-၇၉၄၈၅၈၆၀၃)တို့သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနများတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ရုံးသုံးစက်ပစ္စည်းများ
(ခ) ရုံးသုံးပရိဘောဂများ
(ဂ) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** | - | ၆-၁၀-၂၀၂၁ရက်မှ ၅-၁၁-၂၀၂၁ရက်အထိ |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** | - | ၅-၁၁-၂၀၂၁ရက်၊ ညနေ ၁၆:၃၀ နာရီအထိ |
| **တင်ဒါတင်သွင်းရန်နေရာ** | - | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စံပယ်အိမ်ရာရှေ့၊ ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို သတင်းစာကြော်ငြာတွင်ပါရှိသည့်ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊**
**ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၀၃၅၈၆၊ ၀၆၇-၃၄၀၃၁၇၁**

## ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ကယားပြည်နယ်မီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ် မီးသတ်ဦးစီးဌာနမှ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ (၆)အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဂါလန်(၂၀၀၀၀)ဆံ့ အုတ်ရေလှောင်ကန်နှင့် Pump House Pump House, Pump Motors တပ်ဆင်ခြင်းလုပ်ငန်း၊ ချိန်းလင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ မီးသတ်စက်ယာဉ် ဝယ်ယူခြင်း၊ မီးသတ်ပစ္စည်းကိရိယာများနှင့် ရုံးသုံးပရိဘောဂနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၇-၁၀-၂၀၂၁ရက် |
| (ခ) **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - | ၂၁-၁၀-၂၀၂၁ရက် ညနေ ၄:၃၀နာရီ |
| (ဂ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - | ကယားပြည်နယ် မီးသတ်ဦးစီးမှူးရုံး |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့ (ဖုန်း-၀၈၃-၂၂၂၄၀၃၁၊ ၀၈၃-၂၂၂၄၁၇၆)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အရောင်းအဝယ်ပျက်ပြယ်ပြီးဖြစ်ကြောင်းနှင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဖြေရှင်းပြီးဖြစ်ကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုလှိုင် ၁၃/လရန(နိုင်)၁၇၁၁၁၂ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် အရောင်းပြုလုပ်သူ ဒေါ်မေသဥ္ဇာထွန်း ၁၂/မဂတ(နိုင်)၁၀၄၈၇၉ ကိုင်ဆိုင်သူအား ၂၀၂၁ ခုနှစ် ဩဂုတ် ၁၆ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ ်ကတိစာချုပ်ဖြင့် စရန်ငွေပေးချေပြီးဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး မေတ္တာနှင့်ညှိနှိုင်း၍ အဆင်ပြေစွာအရောင်းအဝယ်ကို ဖျက်သိမ်းရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေမြတ်မွန်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၄၂)
တိုက်အမှတ် (၅၉၇)၊ ဖလွှာ(အေ)၊ နွယ်သာကီ (၃)လမ်း၊ အနောက်ခြမ်း၊ (က) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၅၃၁၈၁၅၇

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
## တောင်ကြီးခရိုင် တရားမရုံးတော်
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ် ၅၂

| | | |
|---|---|---|
| မြန်မာနိုင်ငံသားများဘဏ် တောင်ကြီးဘဏ်ခွဲ၊ တောင်ကြီးမြို့ (၎င်းကိုယ်စား၊ ဒေါ်ညိမ်းညိမ်းဝင့်၊ ဘဏ်ခွဲတာဝန်ခံမန်နေဂျာ) | **နှင့်** | ၁။ ဦးခွန်အောင်မော် ၂။ ဒေါ်နန်းမွန်းလောဝ် |
| **တရားလို** | | **တရားပြိုင်များ** |

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အမှတ်(ည/၇၄)၊ နယ်မြေ(၁၀)၊ နှင်းဆီလမ်းနေ ဦးခွန်အောင်မော်နှင့် ဒေါ်နန်းမွန်းလောဝ် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အာမခံအဖြစ်ပေးအပ်ပေါင်နှံမှုမှ ထုတ်ချေးငွေအရင်းနှင့် အတိုးငွေစုစုပေါင်း(၂၈၉၄၁၇၁၇၆)ကျပ်(၃၈)ပြား တိတိအတွက် တရားစရိတ်နှင့်တကွ အပေါင်ဒီကရီရလိုမှု နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ် စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ် ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ်၊ အောက်တိုဘာ ၂၉ရက် (၁၃၈၃ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) မွန်းမတည့် မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရသည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်တင်သွင်းရမည်။

၂၀၂၁ခုနှစ် အောက်တိုဘာ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်မင်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လထိ ၆လ ဘတ်ဂျက်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (တည်ဆောက်ခြင်း)ကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **လုပ်ငန်းတည်နေရာ။** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(ခ) **လုပ်ငန်းအမည်။** ရိုးရာအကနှင့် ဂီတသင်ကြားဆောင် စုစုပေါင်းဧရိယာ ၄၈၆၀၀ Sqft ၂၅% တည်ဆောက်ခြင်းလုပ်ငန်း (အတွင်း/အပြင် ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) (၁)လုံးတည်ဆောက်ခြင်း (တည်ဆောက်ရေး လုပ်ငန်းနှစ်ဆက်လျာထားချက်အရ)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၁၀-၂၀၂၁ ရက်မှ စတင်၍ နေ့စဉ်ရုံးချိန်အတွင်း အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၁၁-၂၀၂၁ ရက်မှ ၅-၁၁-၂၀၂၁ ရက် ညနေ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) တင်ဒါပုံးအတွင်း လာရောက်ထည့်သွင်းရမည် ဖြစ်ပါသည်။

၃။ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများကို ၈-၁၁-၂၀၂၁ ရက် မွန်းလွဲ (၁၃:၀၀)နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တင်ဒါကော်မတီမှ တင်ဒါများကို ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ပါသည်။ သတ်မှတ်ကာလအတွင်း အချိန်မီတင်သွင်းခြင်းမရှိသော တင်ဒါများကို (လုံးဝ)ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**
**ဖုန်း-၀၉-၄၀၂၅၆၁၇၈၅၊ ၀၉-၅၂၀၀၄၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းစံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ N0(25)၊ မြေညီထပ်(A)၊ အကျယ်အဝန်း( ၁၂.၅x၅၀)ပေတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဦးသန်းဇော်(ဘ) ဦးမောင်မောင်ကလေး ၁၂/ပဇတ(နိုင်)၀၂၄၇၁၃ မှ မိမိသာ တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အထက်ပါ တိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးသော်(ဘ) ဦးမြင့်စိုး ၉/လဝန(နိုင်)၁၆၄၈၆၀ ကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖုန်းမြင့်သော်**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၉၆)**
**ဖုန်း-၀၉-၇၉၈၂၂၉၇၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၃၈၅)၊ အင်းဝလမ်း၊ အကျယ်အဝန်း(၄၀'x၆၀') ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ကြင်ပြုံး ၁၂/တမန(နိုင်)၀၇၉၈၃၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၁-၇-၂၀၂၀ ရက်၌ ချုပ်ဆိုခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၁၇၉/၂၀၂၀) အရ ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်သန်းထွေး ၁၄/ကပန(နိုင်)၁၁၄၈၆၁ မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝါထွန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၁)**
**ဖုန်း-၀၉-၄၃၀၄၉၈၂၉**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၂)၊ လူနေရပ်ကွက်အမှတ် ဒဂုံသီရိ(စိမ်းလဲ့ကန်သာ)၊ မြေကွက်အမှတ်(၁၂၅)၊ ဧရိယာ ၀ ဒသမ ၂၃၆ဧက၊ ၁၀၃၀၀စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်(မြေသက်သက်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအေးသောင်း ၁၂/ကမတ(ဧည့်)၀၀၀၀၇၉ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထား ခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ(တရားလွှတ်တော်ရှေ့နေ)(စဉ်-၃၀၃၆)**
**အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မ မြောက်ရပ်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ မြေကွက်အမှတ်(ပ-၁၇၁၅)၊ ဦးမျိုးမြင့် ၁၃/လခတ(နိုင်)၀၀၀၆၄၁ (ဘ)ဦးမြင့်စိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးလွင်မောင်မောင်ကျော်(ခ)လွင်မောင်မောင် ၁၀/မလမ(နိုင်)၀၀၂၈၇၆ (ဘ)ဦးအေးဘော်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၆၈/၂၀၁၉)တင်ပြ၍ ဒေါ်သီတာဆွေ ၇/ရတရ(နိုင်)၀၀၀၀၉၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၁၀)၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၀)၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၂၁- ၂၀၂၂(အောက်တိုဘာလမှ မတ်လ)ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် (မြန်မာ) ကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၁၅-၁၀-၂၀၂၁ရက် (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** | - | ၈-၁၁-၂၀၂၁ရက် ၁၆:၀၀နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** | - | ပြည်နယ်ဦးစီးမှူးရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် တင်ဒါလျှောက်လွှာများအား ရောင်းချမည်ဖြစ်၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ (ပြည်နယ်ဦးစီးမှူးရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၀၉၈၉) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## မတည်ငွေရင်း လျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

Chin Corp Capital Co., Ltdဒါရိုက်တာအဖွဲ့၏ ၅-၁၀-၂၀၂၁ရက်တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေအား ငွေကျပ် ၁၀၀,၀၀၀,၀၀၀(ကျပ်သိန်းတစ်ထောင်တိတိ)မှ ငွေကျပ် ၂၀,၀၀၀,၀၀၀ (ကျပ်သိန်းနှစ်ရာတိတိ) သို့လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြောင်း အသိပေးအကြောင်းကြားပါသည်။

**Chin Corp Capital Co., Ltd**

## လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်သာယာ (၃)လမ်း၊ UBCကွန်ဒို၊ တာဝါ(ဘီ)၊ အခန်း (၆၀၁)နေ ဒေါ်ဆုမွန်လှိုင် (ဘ)ဦးဝင်းထွန်း ၁၂/သကတ(နိုင်)၁၅၅၅၂၄ သည်အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို ၂၀၂၁ခုနှစ် ဇွန် ၃၀ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက်လုပ်ငန်းအမှတ်တံဆိပ်အဖြစ် (၄/၂၂၆၅/၂၀၂၁) ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-

ကျွန်ုပ်၏အမှုသည် Passion Fashion Trading Company Limited ၏ ဒါရိုက်တာဒေါ်ဆုမွန်လှိုင်သည် အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်သော " Passion Fashion" အမည်ဖြင့် "Lipstickနှင့်အလှကုန်ပစ္စည်းအမျိုးမျိုး"တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရွယ်အစား၊ အရောင်၊ ဒီဇိုင်းအမျိုးမျိုးတို့ပြုလုပ်ပြီး မိမိတို့လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းကိစ္စအဝဝတွင် ဖိနှိပ်ခြင်း၊ ကပ်နှိပ်ခြင်း၊ အသားတံဆိပ်ပြုလုပ်ခြင်းများကို ပြုလုပ်ပြီး ထုပ်လုပ်ထည့်သွင်းထုတ်ပိုးကာ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ဒေါ်ဆုမွန်လှိုင်၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲတုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေဖြိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**LL.B, DBL, DML, DIPL, Seameo Chat**
**hninwaiphyo.7 @gmail.com**
**+95 5016128**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရှောရပ်ကွက်၊ ကွင်းအမှတ်(၅)၊ ဦးပိုင်အမှတ်(၁၁၆)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်ကို မူလကဦးဘသောင်း အမည်ဖြင့် ၁၈-၄-၂၀၁၄ ရက်ထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ဦးဘသောင်းနှင့်ဒေါ်ခင်ကြည်ကွယ်လွန်ခဲ့ပြီးနောက် ၎င်းတို့၏သားသမီးများဖြစ်ကြသည့် ဒေါ်နှင်းနှင်းအေး၊ ဒေါ်ခင်သင်းကြူ၊ ဦးကျော်လင်း၊ ဦးဘုန်းမော်မိုး၊ ဦးဌေးသောင်းတို့ ၅ဦးထံမှ ၂၉-၁-၂၀၁၃ရက်တွင် ဒေါ်အက်စ်ခါးမိုင်က နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်အက်စ်ခါးမိုင် ၁/မကန(နိုင်)၀၁၂၉၈၅၅နှင့် ဦးဆောင်တိန့် ၁/မကန(နိုင်)၀၄၁၉၁၄ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၄-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၉၅၂/၂၀၂၀)ကို ၁၉-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၄၈၄/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း၊ အသစ်ထုတ် ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁၅/ပြည်တော်သာ)၊ ဦးပိုင် (၁၇/က)၊ ဧရိယာ ၇ ဒသမ ၄၃၇ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၄၄၀-၅/၂၀၀၃-၂၀၀၄(အေ) ဦးဂျွန်ဖ(ခ)စဝ်လိုင်ကွတ်ဝမ်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို ၎င်းကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်လှမှ စာချုပ်အမှတ်(၂၀၅၊/၂၀၁၃)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုကာ အောက်ပါအတိုင်း မေတ္တာဖြင့်ပေးကမ်းပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမည် | ဦးပိုင်အမှတ် | ဧရိယာ | စာချုပ်အမှတ် |
|---|---|---|---|---|
| ၁ | ဒေါ်ခင်လှ | ၁၇/က[၁၃] | ၁.၈၈၄ | ၂၀၅၊/၂၀၁၃ |
| ၂ | ဒေါ်ခင်လှ | ၁၇/က[၁၂] | ၁.၈၅၄ | ၂၀၅၊/၂၀၁၃ |
| ၃ | ဦးပြည့်စုံဟိန်း၊ ဦးဖွဲ့ဝင့်ဟိန်း | ၁၇/က[၂] | ၀.၂၇၀ | ၁၀၇၊/၂၀၁၄ |
| ၄ | ဒေါ်အေးထွေး(ခ)အဲထွေး | ၁၇/က[၃] | ၀.၀၉၆ | ၁၀၆၊/၂၀၁၄ |
| ၅ | စိုင်းရွှေလှ(ခ)အိုက်လှ | ၁၇/က[၄] | ၀.၀၅၅ | ၁၀၁၊/၂၀၁၄ |
| ၆ | ဦးစံအောင် | ၁၇/က[၅] | ၀.၀၅၅ | ၁၀၄၊/၂၀၁၄ |
| ၇ | ဒေါ်အေးဆွေ | ၁၇/က[၇] | ၀.၀၅၅ | ၁၀၃၊/၂၀၁၄ |
| ၈ | ဦးဆန်းလှိုင် | ၁၇/က[၈] | ၀.၀၅၅ | ၁၀၅၊/၂၀၁၄ |
| ၉ | စိုင်းအုန်းကျော် | ၁၇/က[၉] | ၀.၀၅၅ | ၁၀၂၊/၂၀၁၄ |
| ၁၀ | ဒေါ်နန်းခင်လတ် | ၁၇/က[၁၀] | ၀.၀၅၅ | ၉၈၊/၂၀၁၄ |
| ၁၁ | ဦးနော်ဂေါင် | ၁၇/က[၁၁] | ၀.၀၅၃ | ၁၀၀၊/၂၀၁၄ |
| ၁၂ | ဒေါ်နန်းမြင့်ရီ၊ ဒေါ်နန်းခမ်းအွမ် | ၁၇/က[၁] | ၀.၄၆၀ | ၉၉၊/၂၀၁၄ |

## ကိုယ်စားလှယ်ရုပ်သိမ်းကြောင်းကြေညာခြင်း

